မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၂ ရက်၊ ၂၀၀၇ ခုနှစ်၊ မတ် ၄ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၁၅၅)

အကျိုးကျေးဇူးခံစား

ဆည်တမံလုပ်ငန်းရော၊ ရေအားလျှပ်စစ်လုပ်ငန်းပါ
ကြန့်ကြာမှုမရှိ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးလျှင်
ပြည်သူများအနေဖြင့် မြန်မြန်အကျိုးကျေးဇူးခံစားရမည်။



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မမြရေလှောင်တမံစီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်၌ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင်တည်ဆောက်နိုင်အားရှိနေ ဆည်တမံမွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများကို အချိန်မှန်မှန်အလေးထားလုပ်ကိုင်ရန်လိုအပ်

ဇလွန်-ဟင်္သာတ-အင်္ဂပူ-မြန်အောင်လမ်းသည် မြို့ရွာအများစုကိုဆက်သွယ်သည့်အတွင်းလမ်းဖြစ် လမ်းကိုတိုးတက်ကောင်းမွန်အောင် စီမံချက်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်တင်

ဖျာပုံ တံတား

ရာနှုန်းပြည့် နီးပါး ပြီးစီးနေပြီ ဖြစ်သော ဖျာပုံ တံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၃

ရန်ကုန်မြို့၌ရောက်ရှိနေသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးနှင့် ဒုတိယ ဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ယနေ့နံနက် ၉နာရီ၁၅မိနစ်တွင် ရဟတ်ယာဉ်များဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ ●

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်
(၂၀၀၇ ခုနှစ်၊ မတ်လ ၄ ရက်)

လူ့စွမ်းအားအရင်းအမြစ်များ တိုးပွားလာစေရေး အမျိုးသားရေးအသိနှင့်ယှဉ်ပြီး ကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို ပညာရပ်စွမ်းအားဖြင့် မြှင့်တင်နိုင်စေရန်အတွက် နယ်ပယ်ကဏ္ဍစုံတွင် အရည်အသွေးမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်ပေးလျက် ရှိသည်။

ယနေ့အချိန်အခါတွင် ဓနအင်အားနှင့် နည်းပညာကွာဟမှု အသာစီးရနေသည့် နိုင်ငံကြီးတချို့က ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် လွှမ်းမိုးမှုများ လုပ်ဆောင်လာလျက်ရှိရာ ပညာရေးကဏ္ဍ၏ အမျိုးသားပညာရည်မြင့်မားမှု စွမ်းအားဖြင့် ရင်ဆိုင်ကျော်လွှား ကြရမည် ဖြစ်သည်။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် သာမန်ကြိုးပမ်းအားထုတ်မှုမျိုးဖြင့် မလုံလောက်တော့ဘဲ ပညာရေးကို အမျိုးသားရေးအမြင်နှင့်ယှဉ်တွဲ မြှင့်တင်ပေးနိုင်မှသာလျှင် နိုင်ငံနှင့် လူမျိုး တိုးတက်ကြီးပွားပြီး စွမ်းရည်နှင့် စိတ်ဓာတ်ပြည့်စုံသည့် မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာမည် ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က လူ့စွမ်းအားအရင်းအမြစ်များ နယ်ပယ်ကဏ္ဍစုံ၌ ဖြစ်ထွန်းလာစေရေးအတွက် အခြေခံပညာသင်ယူမှု အခွင့်အလမ်းများ ကျေးလက်ဒေသ အထိရောက်ရှိအောင် သင်ကြားစေနိုင်ခဲ့သည်။ အဆင့်မြင့်ပညာကိုလည်း ပြည်နယ်နှင့်တိုင်းများရှိ မြို့ကြီးများသာမက အထူးဖွံ့ဖြိုးရေးဒေသများအထိ ဖြန့်ကြက်လွှမ်းခြုံပေးခဲ့သည်။

အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည် စီမံကိန်းများ၊ လုပ်ငန်းစီမံချက်များကို ပညာရပ်ဆိုင်ရာအလိုက်၊ တက္ကသိုလ်ကောလိပ်အလိုက် စနစ်တကျ ကြိုးပမ်းဆောင်ရွက်လာသည်နှင့်အမျှ ပညာရေးမျှော်မှန်းချက်များ အောင်မြင်ဖြစ်ထွန်းလာမည် ဖြစ်သည်။

ယခုအခါ တည်ငြိမ်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ရုပ်လုံးပေါ်လာပြီဖြစ်ရာ မျိုးဆက်သစ်လူငယ်များကို အခြေခံကောင်းများနှင့် ပြည့်စုံသည့် ပညာရည်မြင့်မားသော နိုင်ငံသူနိုင်ငံသားများ ဖြစ်လာစေရန် ဆရာ၊ ဆရာမများက လေ့ကျင့် ပုံဖော်ပေးကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ မိမိနိုင်ငံနှင့်လူမျိုး တိုးတက်ကြီးပွားလာရေးသာမက အမျိုးသားပညာရည်မြင့်မားလာစေရေးအတွက် အထောက်အကူပြုမည့် လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုတိုးပွားပေါ်ထွန်းလာအောင် ဆရာ၊ ဆရာမများအနေဖြင့် အမျိုးသားရေးအသိနှင့်ယှဉ်ပြီး ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့်သန္နိဋ္ဌာန်

၂၀၀၀ ပြည့်နှစ် ဇန်နဝါရီ ၁ ရက်တွင် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ ကျင်းပသော ၂၁ ရာစုအကြို လူထုအစည်းအဝေးကြီးက ချမှတ်သည့် သန္နိဋ္ဌာန် (၆)ချက်မှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ကျွန်ုပ်တို့သည် ဒို့တာဝန်အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ဆက်လက်ခံယူကျင့်သုံးလိုက်နာသွားမည်။
(၂) ကျွန်ုပ်တို့သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသော ဦးတည်ချက်များကို မဖိတ်မသုန် အကောင်အထည်ဖော်သွားမည်။
(၃) ကျွန်ုပ်တို့သည် မိမိနိုင်ငံနှင့် မိမိနိုင်ငံသားတို့ကို ကာကွယ်စောင့်ရှောက်သွားမည်။
(၄) ကျွန်ုပ်တို့သည် လူနေမှုဘဝမြင့်မားပြီး အေးချမ်းတည်ငြိမ်သော နိုင်ငံတော်ကို တည်ဆောက်မည်။
(၅) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်မည်။
(၆) ကျွန်ုပ်တို့သည် နိုင်ငံတော်တွင် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကို ကြိုးပမ်းဆောင်ရွက်မည်။

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်းလမ်း အမှတ် ၂၇ နေ ဦးတင်ကို-ဒေါ်စန်းစန်းအေး၊ သားမောင်ကောင်းဆက်သာ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်းမင်းကွန်း ဆရာတော်ကြီး ၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီး အတွက် အလှူငွေကျပ် သုံးသိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော် ဘဒ္ဒန္တ သီလာစာရထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ပဏာမ မြန်မာ့လက်ရွေးစင် အားကစားသမားများအား စခန်းသွင်း လေ့ကျင့်လျက်ရှိ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မတ် ၁ရက် ညနေ ၃နာရီခွဲက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံပိုက်ကျော်ခြင်းအဖွဲ့ချုပ် လေ့ကျင့်ရေးရုံ၌ ၂၀၀၇ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပမည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမ မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအားကစားသမားများ လေ့ကျင့်နေမှုကို သွားရောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည်လူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)ရှိ မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် (၂၄)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ပဏာမမြန်မာ့လက်ရွေးစင် လက်ဝှေ့ အားကစားသမားများ လေ့ကျင့်နေမှုများကို လည်းကောင်း၊ စမ်းချောင်းမြို့နယ် ပဒုမ္မာအားကစားကွင်းရှိ မြန်မာနိုင်ငံ ဂူရှူးအဖွဲ့ချုပ်ပဒုမ္မာ အားကစားခန်းမ၌ စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမမြန်မာ့လက်ရွေးစင် ဂူရှူးအားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ရေကူးအားကစားသမားများ၏ စခန်းသွင်းလေ့ကျင့်မှုကိုလည်းကောင်း၊ အမျိုးသား ရေကူးကန်ဝင်းအတွင်းရှိ မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌စခန်းသွင်းလေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ဂျူဒို အားကစားသမားများ လေ့ကျင့်နေမှု များနှင့် မြန်မာနိုင်ငံ စားပွဲတင် တင်းနစ် အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ စခန်းသွင်း လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် စားပွဲတင်တင်းနစ် အားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း၊ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ ကရာတေးဒို အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ကရာတေးဒို အားကစားသမားများ လေ့ကျင့်နေမှုနှင့် မြန်မာနိုင်ငံဘိလိယက်နှင့် စနူကာအဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း၌ လေ့ကျင့်လျက်ရှိသည့် ပဏာမ မြန်မာ့လက်ရွေးစင် ဘိလိယက်နှင့်စနူကာအားကစားသမားများ လေ့ကျင့်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၄-၃-၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

နေ့လယ်ပိုင်း

၁၂:၀၀ ၁။ မြဝတီအဖွင့်
၁၂:၀၅ ၂။ အဖွင့်သီချင်း
၁၂:၁၀ ၃။ မျိုးချစ်တပ်မတော်
၁၂:၂၀ ၄။ သာယာသီကြွေး ခေတ်ဆန်းတေး
၁၂:၃၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **စားသွားပေါ်က ရှင်သန်ခြင်း**
၁၃:၅၀ ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၄၀ ၆။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၅:၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ နိုင်ငံတကာသတင်း
၆:၂၀ ၁၁။ မိုးလေဝသသတင်း
၆:၂၅ ၁၂။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၃။ လျှပ်တစ်ပြက်
၆:၄၅ ၁၄။ အံ့သြဖွယ်ရာဆပ်ကပ်ပညာ
၇:၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သံစဉ်မဲ့မေတ္တာ** (အပိုင်း-၁၃)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ပဟေဠိနန်းတော်
၁၉။ ကျန်းမာသုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ English Premier League ဘောလုံးပွဲ West Ham United Vs Tottenham Hotspur

4-3 (02) 1 3/4/07, 2:17 PM

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စစ်တီးဝိုင်းပြိုင်ပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃

၂၀၀၇ ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် (၁၅)ကြိမ်မြောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်တီးဝိုင်းပြိုင်ပွဲသို့ ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ စုရပ်စစ်ရေးပြကွင်း၌ ဆဋ္ဌမနေ့ပြိုင်ပွဲအဖြစ် ဆက်လက်ကျင်းပရာ (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ တွဲဖက်စစ်ရေးချုပ် ဗိုလ်ချုပ်လှရွှေ၊ စစ်တီးဝိုင်းပြိုင်ပွဲကျင်းပရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ စစ်တီးဝိုင်းပြိုင်ပွဲအမှတ်ပေးအကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ တပ်မတော်(ကြည်း၊ရေ၊လေ)မှ အရာရှိ၊ စစ်သည်များ တက်ရောက်ကြသည်။

ပါဝင်ယှဉ်ပြိုင်

ယင်းပြိုင်ပွဲတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ (၁)၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း၊ အနောက်တောင်တိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)နှင့် အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

စစ်ချီတေး

ထိုသို့ယှဉ်ပြိုင်ရာတွင် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြုစစ်တီးဝိုင်းတပ်ခွဲ(၁)က တပ်မတော်၊ အောင်ပွဲရတဲ့ ဒို့စစ်သည်၊ အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ မျိုးချစ်ဇာနည်၊ မျိုးမြန်မာပြည်ရွာစစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းတပ်ခွဲ(၁)က တပ်မတော်၊ မျိုးချစ်ဇာနည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ ပြည်သူ့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်ကိုယ်စားပြုစစ်တီးဝိုင်းက အောင်လံလွှင့်မယ့် ဒို့တပ်မတော်၊ ဒို့ရဲ့ မြန်မာ့တပ်မတော်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ် မျိုးချစ်ဇာနည်၊ နိုင်ငံအကျိုးအတွက် နပခ စစ်သည်စစ်ချီတေးများဖြင့် လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်းက တပ်မတော်၊ မျိုးချစ်ဇာနည်၊ ထာဝစဉ် နှပျိုနေတဲ့ ဒို့တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၃)က ပြည်သူ့သားစစ်သည်၊ ဒို့စစ်သည်၊ မြန်မာအာဇာနည်၊ မြန်မာတို့ရဲ့ တပ်မတော်စစ်ချီတေးများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ကိုယ်စားပြု စစ်တီးဝိုင်း တပ်ခွဲ(၁)က အောင်ပွဲရတဲ့ ဒို့စစ်သည်၊ ကျန်ရှိသေးသော တာဝန်တစ်ရပ်၊ တူယှဉ်ကာတိုက်စို့၊ တပ်မတော် စစ်ချီတေးများဖြင့်လည်းကောင်း အသီးသီး ပါဝင်ယှဉ်ပြိုင်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အမှတ် ၁၃၅(စီ) သံလွင်လမ်း ကမာရွတ်မြို့နယ်နေ ဦးလှမြင့်သိန်းက (၇၅)နှစ်မြောက် မွေးနေ့အလှူအဖြစ် ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် ဆောက်လုပ်နေသော ခြောက်ထပ်ဆေးရုံသစ်ကြီးအတွက် အလှူငွေကျပ် ခုနစ်သိန်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့အတွင်းရေးမှူး ဦးမောင်မောင် လက်ခံယူစဉ်။ (က-ပ)

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့သို့ ငွေလှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၃

အောင်မြေပညာပေးမဂ္ဂဇင်း စတင်ထုတ်ဝေခြင်း အထိမ်းအမှတ် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့သို့ အလှူငွေပေးအပ်ပွဲအခမ်းအနားကိုယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း အမှတ် ၅၂၉/၅၃၁ ရှိ စာပေဗိမာန်အဆောက်အအုံ(ဒုတိယထပ်)၌ ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဦးတင်ခ (တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင် (သန်းမောင်)၊အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦးနှင့် ဗဟိုအမှုဆောင် ကော်မတီဝင်များ၊ အလှူရှင်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြော

ရှေးဦးစွာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က အမှာစကားပြောကြားပြီး ဗဟိုအမှုဆောင်ကော်မတီဝင် စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေးလေ့လာရေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဦးမျိုးသန့် (မောင်ဆုရှင်)က အမှာစကား ပြောကြားသည်။

ထို့နောက်အလှူရှင်အောင်မြေပညာပေးမဂ္ဂဇင်း အယ်ဒီတာချုပ် ဦးစံတင်အောင် (ရွှေဘို)က ငွေလှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေသို့ ငွေကျပ်သုံးသိန်း လှူဒါန်းရာ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ရန်ပုံငွေရှာဖွေရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးတင်ခ (တက္ကသိုလ်တင်ခ)နှင့် တာဝန်ရှိသူများက လက်ခံယူပြီးဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ စာပေရန်ပုံငွေသို့ အောင်မြေပညာပေးမဂ္ဂဇင်း စတင်ဖြန့်ချိခြင်း အထိမ်းအမှတ်အဖြစ် အယ်ဒီတာချုပ် ဦးစံတင်အောင်(ရွှေဘို) အလှူငွေကျပ်သုံးသိန်း ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဂုဏဝိသိဋ္ဌပူဇာ မင်္ဂလာ၊ စိန်ရတု ဝိဇာတမင်္ဂလာနှင့် ဆွမ်းစားကျောင်း ရေစက်ချမင်္ဂလာ

ရန်ကုန် မတ် ၃

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ထုတ်ပြန်သော အမိန့်ကြော်ငြာစာ(၁/၂၀၀၇)ဖြင့် အဂ္ဂမဟာ ဂန္ထဝါစက ပဏ္ဍိတဘွဲ့တံဆိပ်တော်ချီးမြှင့်အပ်နှင်းခြင်းခံရသော ပုဂံတောင်ကျေးရွာ အုဋ္ဌဖိုကျောင်းပရိယတ္တိစာသင်တိုက်ကြီး၏ ပဓာနနာယက (သာသနဓဇသိရီပဝရဓမ္မာစရိယ)ဘဒ္ဒန္တခေမိန္ဒအား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ၊ ဆရာတော်ကြီး၏ (၇၅)နှစ်မြောက် စိန်ရတုဝိဇာတမွေးနေ့မင်္ဂလာနှင့်စုပေါင်းလှူဒါန်းထားသော ဆွမ်းစားကျောင်းတော်ကြီး ရေစက်ချမင်္ဂလာတို့ကို ယခုတပေါင်းလပြည့်ကျော် ၅ ရက် (ဗုဒ္ဓဟူးနေ့) တွင် ဆင်ယင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

(၆၂)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရန် စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကျရာတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ရေး။

၃။ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူတို့နှင့်အတူ လက်တွဲချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီ မျိုးချစ်တပ်မတော် တည်ဆောက်ရေး။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် Dr. Robert Ziegleer နှင့်အဖွဲ့ တွေ့ဆုံစဉ်။ (လယ်/ဆည်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနညွှန်ကြားရေးမှူးချုပ်တွေ့ဆုံ

ရန်ကုန် မတ် ၃

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးအား ဖိလစ်ပိုင်သမ္မတနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန ညွှန်ကြားရေးမှူးချုပ် Dr. Robert Ziegleer နှင့် အဖွဲ့ဝင်များသည် မတ် ၁ ရက် ညနေပိုင်းက ရန်ကုန်မြို့ နတ်မောက်လမ်းသွယ်ရှိ ယုဇန ဧည့်ရိပ်သာသို့ လာရောက်တွေ့ဆုံကြပြီး မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတွင် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြသည်။

တက်ရောက်

ယင်းသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံ စိုက်ပျိုးရေး၊ သစ်တော၊မွေးမြူရေးနှင့် ရေလုပ်ငန်းပညာရှင်အဖွဲ့ဥက္ကဋ္ဌနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော်စစ်သမိုင်းပြတိုက် ခေတ္တပိတ်ထားမည်

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြပွဲ ကျင်းပပြုလုပ်နိုင်ရေး ပြင်ဆင်မွမ်းမံမှုများပြုလုပ်နိုင်ရန် မတ် ၁ ရက်မှစတင်၍ ပြည်သူလူထုအား အခကြေးငွေယူ၍ ဖွင့်လှစ်ပြသခြင်းကို ခေတ္တပိတ်ထားမည်ဖြစ်ပြီး ၂၀၀၇ခုနှစ် မတ်၂၆ရက်တွင် (၆၂)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်ပြပွဲအဖြစ် ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အီရန်၏ နျူကလီးယားကိစ္စ

သံတမန်နည်းလမ်းဖြင့်သာ ဖြေရှင်းသင့်ကြောင်း တရုတ်ပြောကြား

ပေကျင်း မတ် ၃

အီရန်နိုင်ငံ၏ နျူကလီးယား ကိစ္စနှင့်ပတ်သက်၍ သံတမန်နည်းလမ်းနှင့် တွေ့ဆုံဆွေးနွေးရေး နည်းလမ်းများဖြင့်သာ ဖြေရှင်းသင့်ကြောင်း တရုတ်နိုင်ငံက ၎င်း၏ရပ်တည်ချက်ကို မတ် ၁ ရက်က ထပ်မံ ထုတ်ဖော်ပြောကြားလိုက်သည်။

အီရန်၏ နျူကလီးယားကိစ္စအပေါ် ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်အသစ်ချမှတ်နိုင်ရေး အနောက်အုပ်စုနိုင်ငံများက ဖိအားပေးခဲ့ပြီး တစ်ရက်အကြာ အီရန်နိုင်ငံက မိမိတို့အနေဖြင့် နျူကလီးယားအစီအစဉ်ကို မည်သို့မျှ ရပ်ဆိုင်းမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ပြောကြား

ထိုသို့သောအခြေအနေတွင် တရုတ်နိုင်ငံက အီရန်နျူကလီးယားကိစ္စနှင့်ပတ်သက်ပြီး ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးရေးနည်းလမ်းကိုသာ ထောက်ခံကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ကျင်ဂန်က သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ပြောကြားခဲ့သည်။

တုံ့ပြန်နိုင်

ထို့အပြင် အီရန်နိုင်ငံကလည်း ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၁၇၃၇ အပေါ် အပြုသဘောဖြင့် တုံ့ပြန်နိုင်လိမ့်မည်ဖြစ်ကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

ပါကစ္စတန်နိုင်ငံ အစ္စလမ်မာဘတ်မြို့ရှိ ဥယျာဉ်တစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားနေသည့် ဥဒေါင်းတစ်ကောင်အား စမ်းသပ်ကြည့်ရှုနေသည်ကို မတ်၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)



တိုက်မိ

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးကျွန်း ဘီဟိုရိုမြို့တွင် ခရီးသည်တင်ရထားနှင့် ကုန်တင်ကားတစ်စီး တိုက်မိပြီးနောက် မတ် ၁ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပိုလန်နိုင်ငံ၌ ဓာတ်ငွေ့ပေါက်ကွဲ ငါးဦးသေဆုံး

ဝါဆော မတ် ၃

ပိုလန်နိုင်ငံတောင်ပိုင်း ကရာကိုးမြို့တွင် ဖေဖော်ဝါရီ ၂၈ ရက်က တိုက်ခန်းတစ်ခန်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ကလေးနှစ်ဦးအပါအဝင် လူငါးဦး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ယင်းနေ့နံနက်ပိုင်းက ပေါက်ကွဲမှုကြောင့် မိသားစုတစ်စုမှ လူငါးဦး သေဆုံးခဲ့ကြောင်း ကရာကိုးမှ ရဲပြောရေးဆိုခွင့်ရှိသူ အင်န်ဒရာဇီဆိုင်ကန်ကာက ဒေသတွင်းသတင်းဌာန ပီအေပီသို့ ပြောကြားသည်။

မိသားစုဝင်အားလုံး သေဆုံးခဲ့ကြောင်း၊ ကလေးနှစ်ဦးမှာ ကိုးနှစ်နှင့် ၁၁နှစ်အရွယ်ရှိကြောင်း ပီအေပီက ထုတ်ပြန်ခဲ့သည်။

အမ်အင်န်အေ၊ရိုက်တာ

ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံး၌ လမ်းဘေးဗုံးပေါက်ကွဲ ကန်တပ်ဖွဲ့ဝင် သုံးဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

ဘဂ္ဂဒက် မတ် ၃

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးအရပ်တွင် ဖေဖော်ဝါရီ ၂၇ ရက်က လမ်းဘေးဗုံးပေါက်ကွဲမှု တစ်ရပ်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့ရပြီး တစ်ဦးဒဏ်ရာ ရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။

လုံခြုံရေးတိုးမြှင့်

အီရတ်နိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်ပြီး လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန် စီစဉ်နေချိန်တွင် ဘဂ္ဂဒက်မြို့၌ သွေးထွက်သံယိုမှုများ ဖြစ်ပွားလျက်ရှိသည်။

ဖော်ပြ

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက် အနောက်တောင်ပိုင်းတွင် နယ်မြေရှင်းလင်းရေးတစ်ရပ် ဆောင်ရွက်စဉ် အဆိုပါ အမေရိကန်တပ်ဖွဲ့ဝင်များ လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်မှ ထုတ်ပြန်သော အစီရင်ခံစာ တစ်ရပ်၌ ဖော်ပြထားသည်။ **အမ်အင်န်အေ၊ရိုက်တာ**

ဘင်္ဂလားဒေ့ရှ်မှ ဆရာ၊ ဆရာမ ၁၀၀နီးပါး အိန္ဒိယနိုင်ငံက အိုင်တီနည်းပညာ သင်တန်းပို့ချ

ဒါကာ မတ် ၃

ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ အခြေခံအဆင့်နှင့် ကောလိပ်အဆင့်သင်ကြားသော ဆရာ၊ ဆရာမ ၉၈ဦးတို့သည် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ခြောက်ပတ်ကြာ အိုင်တီနည်းပညာ သင်တန်းတက်ရောက်ရန် ဖေဖော်ဝါရီ ၂၈ရက်က ထွက်ခွာသွားကြောင်း ဘင်္ဂလားဒေ့ရှ် သတင်းအေဂျင်စီက ဖော်ပြသည်။

သင်ကြားပေး

ဘင်္ဂလားဒေ့ရှ်မှ အဆိုပါ ဆရာ၊ ဆရာမများအား အိန္ဒိယနိုင်ငံက အိုင်တီနည်းပညာ သင်ကြားပေးနေမှုသည် ၂၀၀၄ခုနှစ်က စတင်ခဲ့ပြီး ယခုစာရင်းအပါအဝင် ဦးရေ ၇၄၀ရှိသွားပြီဖြစ်ကြောင်း သိရသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အိန္ဒိယ၌ လေယာဉ်ပျက်ကျ လေယာဉ်မှူးသေဆုံး

နယူးဒေလီ မတ် ၃

အိန္ဒိယနိုင်ငံ အနောက်ဘင်ဂေါပြည်နယ် အရှေ့ဘက်တွင် လေယာဉ်ပျက်ကျခဲ့မှုကြောင့် အိန္ဒိယလေတပ်မှ အမ်အိုင်ဂျီ-၂၁ ဂျက်တိုက်လေယာဉ်မှ လေယာဉ်မှူးတစ်ဦး သေဆုံးခဲ့ကြောင်း အင်ဒို-အာရှ သတင်းဌာနမှ သတင်းထုတ်ပြန်သည်။

မီးလောင်မှုဖြစ်ပွား

လေယာဉ်ပျက်ကျမှုမှာ မတ်၂ ရက် နံနက်ပိုင်းအချိန်က ဖြစ်ပြီး အနောက်ဘင်ဂေါပြည်နယ် အရှေ့ဘက် ဝေဟင်တွင် ပျံသန်းစဉ် မီးလောင်မှုဖြစ်ပွားပြီး ပျက်ကျခဲ့ခြင်းဖြစ်သည်ဟု အိန္ဒိယစစ်ဘက်သတင်းက ဖော်ပြသည်။

မတော်တဆဖြစ်

လေယာဉ်ပျက်ကျမှုမှာ မတော်တဆ ဖြစ်ရပ်ကြောင့်ဖြစ်ပြီး အဆိုပါဒေသသည် သစ်တောများ ထူထပ်သော အရပ် ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဆေးဝါးအတုများကြောင့် သေဆုံးရမှုများပြား

နယူးယောက် မတ် ၃

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆေးဝါးအတုများကြောင့် သေဆုံးရမှုများ ဖြစ်ပေါ်နေရကြောင်း ကုလသမဂ္ဂဆေးဝါးများဆိုင်ရာ စောင့်ကြည့်ရေးအဖွဲ့က ပြောကြားလိုက်သည်။

ကမ္ဘာ့ဆေးဝါးဈေးကွက်တွင် ဖြန့်ချိနေသော ဆေးဝါးများ၌ ၅၀ ရာခိုင်နှုန်းမှာ ဆေးဝါးအတုများဖြစ်ကြောင်း**(အောက်ပုံ)** ၎င်းတို့က ပြောကြားသည်။

ဈေးကွက်

သို့သော်လည်း ထိုဆေးဝါးအတုများမှာ ဈေးကွက်တွင် ရောင်းအားကောင်းလျက်ရှိပြီး အင်တာနက်မှ တစ်ဆင့်ရောင်းချခြင်းများကလည်း ရှိနေကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။

၎င်းဆေးဝါးအတုများကြောင့် ဝေဒနာရှင်များအနေဖြင့် ကျန်းမာရေးကို ဆိုးဆိုးရွားရွားထိခိုက်စေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

(အင်တာနက်)

အင်တာနက်-ကျန်းမာရေး

အိတ်ချ်အိုင်ဗွီပိုး ရပ်စ်ကို ဟန့်တားနိုင်သည့် ထိုးဆေး

လန်ဒန် မတ် ၃

အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုး ပြန့်ပွားမှုကို ရပ်တန့်စေနိုင်သော ထိုးဆေးတစ်မျိုးအား ဗြိတိန်သုတေသနပညာရှင်များက ဖော်ထုတ်လိုက်ပြီဖြစ်ကြောင်း မကြာမီက ထုတ်ဖော်ပြောကြားလိုက်သည်။

ကုသရန်မလို

၎င်းထိုးဆေးမှာ မာရာဗီရော့ဟု အမည်ပေးထားသော ထိုးဆေးဖြစ်ပြီး အခြား အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကို ဟန့်တားစေသော ဆေးဝါးများကဲ့သို့ အချိန်ကြာမြင့်စွာ ကုသရန်မလိုကြောင်း သိရသည်။

ဟန့်တား

မာရာဗီရော့ထိုးဆေးမှာ ခန္ဓာကိုယ်အတွင်း၌ ကိုယ်ခံအားကောင်းသော ဆဲလ်များ တိုးပွားမှုဖြစ်ပေါ်စေပြီး အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ကို ဟန့်တားစေနိုင်ကြောင်း၊ လူနာများအတွက် အသုံးတည့်မည့်ဆေးတစ်မျိုးဖြစ်ကြောင်း ဗြိတိန်နိုင်ငံ အမျိုးသားအေအိုင်ဒီအက်စ်ဌာနမှ သုတေသနပညာရှင် မိုက်ကယ်ကာတာက ပြောကြားသည်။

စမ်းသပ်ကုသ

အဆိုပါထိုးဆေးကို အိတ်ချ်အိုင်ဗွီဗိုင်းရပ်စ်ပိုးရှိသူ လူနာ ၁၀၀၀ အား စမ်းသပ်ကုသခဲ့ရာ သီတင်း ၂၄ပတ်အတွင်း အကျိုးသက်ရောက်မှုရှိကြောင်း တွေ့ရှိရသည်ဟု ၎င်းကပြောကြားသည်။ (အင်တာနက်)

လျှပ်စစ်ဓာတ်အား အပြည့်အဝဖြန့် ဖြူးနိုင်ရေး ဓာတ်အား ပိုမိုထုတ်လုပ်နိုင်ရန် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့် မှာကြား

ရန်ကုန် မတ် ၃

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများလိုက်ပါလျက် ကျောက်မဲမြို့၏အရှေ့ဘက် ခြောက်မိုင်အကွာ မန္တလေး–မူဆယ်ကားလမ်းမ၏ မြောက်ဘက်ရှိ နမ့်စောင်းငေါင်းရေအား လျှပ်စစ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံ ကျောက်မဲ မြို့လျှပ်စစ်အင်ဂျင်နီယာဦးစိုင်းထွန်းလှက စက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မောင်းနှင်မှုတို့ကို လိုက်လံရှင်းလင်းပြသသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့အား တာဝန်ရှိသူများက နမ့်စောင်းငေါင်း ရေအားလျှပ်စစ်စက်ရုံမှ ထုတ်လုပ်ရရှိသော လျှပ်စစ်ဓာတ်အားကို ကျောက်မဲမြို့နှင့် သီပေါမြို့များသို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု၊ လက်ခံယူနစ်၊ ရောင်းချယူနစ်နှင့် ပျောက်ဆုံးယူနစ်များကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ဝန်ကြီးက စက်များ၏ ကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ပြီး ကျောက်မဲနှင့်သီပေါမြို့များသို့ ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ရန် အစွမ်းကုန်ကြိုးစားဆောင်ရွက်စေလိုကြောင်း မှာကြားပြီး လျှပ်စစ်ဓာတ်အား လက်ခံရရှိမှုနှင့် ဖြန့်ဖြူးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ကျောက်မဲမြို့နှင့်သီပေါမြို့များသို့ ဓာတ်အား လိုင်းသွယ်တန်း ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ရေပမာဏ ၁ဒသမ ၈၇သန်းကုဗပေ သိုလှောင်ထားနိုင်သော ရေကန်ကိုလည်းကောင်း၊ ရေလွှဲဆည်နှင့် ရေသွယ်မြောင်းတည်ဆောက်ထားရှိမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့်လည်ပတ်နိုင်ရန် စနစ်တကျ ရေသိုလှောင်ထားရှိရန်၊ ရေကန်ပတ်ဝန်းကျင်နှင့် ရေကန်ကို နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ရန် တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်း မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်တို့သည် ရှမ်းပြည်နယ်(မြောက်ပိုင်း)မြို့နယ်များ လျှပ်စစ်ဓာတ်အား ပိုမိုဖြန့်ဖြူးပေးနိုင်ရန်အတွက် လားရှိုးမြို့နယ်၏ အနောက်တောင်ဘက် ၁၄ မိုင်အကွာရှိ သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁) သတ္တုတွင်းလုပ်ငန်း မန်ဆန်ရေကျ ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိရာ စက်ရုံတာဝန်ခံအင်ဂျင်နီယာဦးမြင့်အောင်က မန်ဆန်ရေကျ ရေအားလျှပ်စစ်စက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းပြသသည်။

ကြိုးစားလုပ်ကိုင်

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် မန်ဆန်ရေကျ ရေအားလျှပ်စစ်စက်ရုံသို့ လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရန် ရေသွယ်မြောင်းနှင့် ရေလွှဲဆည်တည်ဆောက်ထားရှိမှုအခြေအနေများ၊ ရေသိုလှောင်ထားမှု အခြေအနေများကိုလိုက်လံကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တိုင်းမှူးနှင့် ဝန်ကြီးတို့က ပြည်သူများသို့ လျှပ်စစ်ဓာတ်အား အပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေးအတွက် လျှပ်စစ်ဓာတ်အား ပိုမို ထုတ်လုပ်နိုင်စေရန်နှင့် ကြိုးစားလုပ်ကိုင်စေလိုကြောင်း မှာကြားကြသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း နမ့်မျှော်ချောင်းရေအားလျှပ်စစ်စက်ရုံသို့ရောက်ရှိရာ ရှမ်းပြည်နယ် လျှပ်စစ်အင်ဂျင်နီယာဦးရဲမြင့်နှင့် တာဝန်ရှိသူများက အဆိုပါစက်ရုံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိမှု၊ လားရှိုးမြို့သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လျှပ်စစ်ဓာတ်အား ပိုမိုထုတ်လုပ်သွားရန်၊ စက်များ ကြံ့ခိုင်ရေးကို အလေးထားဆောင်ရွက်ရန် မှာကြားပြီး နမ့်မျှော်ချောင်းရေကို သိုလှောင်ထားသော ရေထိန်းကန်နှင့် မီတာမြင့် သံမဏိပိုက်များ တပ်ဆင်ထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းပြသ

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် သတ္တုတွင်းဝန်ကြီးဌာန အမှတ်(၁)သတ္တုတွင်းလုပ်ငန်း ကုန်းညောင်ရေအားလျှပ်စစ်စက်ရုံသို့ ရောက်ရှိရာ တာဝန်ရှိသူများက စက်လည်ပတ်မောင်းနှင်မှု၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရရှိမှုနှင့် နမ္မတူသတ္တုတွင်းနှင့် လားရှိုးမြို့သို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ကုန်းညောင်ရေအား စက်ရုံအတွင်း ရေလှောင်ကန် တည်ဆောက်ထားမှုနှင့် ရေသိုလှောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ နမ့်ခိုက်ရပ်ကွက်၌ 66/33 KV 20 MVA ဓာတ်အားခွဲရုံ တည်ဆောက်မည့် လျာထားမြေနေရာသို့ ရောက်ရှိစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်း အမြန်ဆုံးပြီးစီးစေရန် အလေးထားဆောင်ရွက်စေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးဝင်းရှိ အမှတ်(၁) ဓာတ်အားခွဲရုံသို့ရောက်ရှိရာ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးခင်လေးနှင့် တာဝန်ရှိသူများက မန်ဆန်ရေအားလျှပ်စစ်စက်ရုံမှ 33 KV ဓာတ်အားလိုင်းဖြင့် ဓာတ်အားလက်ခံရရှိမှု၊ ဓာတ်အားဖြန့်ဖြူးပေးနေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက ပြည်သူများသို့ လျှပ်စစ်ဓာတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်ရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်စေလိုကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသဗုဒ္ဓဂယာမြေမြတ် မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက်တိုးချဲ့မြေနှစ်ကေ ဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် နှစ်ဖက်သော မိဘများအား အမှူးထား၍ ကိုအောင်ငယ်–မစန်းစန်းတင့်၊ သမီး Tiffanty Win Nge နှင့်သား Kevin Win Nge မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် (ဂမုန်းပွင့်ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း နာယကအကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

မြတ်ကရုဏာ ကုသိုလ်ဖြစ်ဆေးခန်းသို့ ဆေးဝါးများလှူဒါန်း

ရန်ကုန် မတ် ၃

ရန်ကုန်မြို့ မြတ်စေတနာသူနာပြု အကူသင်တန်းနှင့် မြတ်မေတ္တာသူနာပြု အကူသင်တန်းတို့မှ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၏ အလှူဒါနအဖြစ် တောင်ဒဂုံ လေးထောင့်ကန်လမ်းမကြီးပေါ် နတ်စင်မှတ်တိုင်အနီး အောင်မင်္ဂလာလမ်းပေါ်ရှိ မြတ်ကရုဏာကုသိုလ်ဖြစ်ဆေးခန်းကို ဒီဇင်ဘာလဆန်းက တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင်ကျောင်း နာယကဆရာတော် ပန်းတစ်ပွင့်တောင်ဆရာတော် ဘဒ္ဒန္တပညာသာရက ဖွင့်လှစ်ခဲ့သည်။

ဆေးဝါးလှူဒါန်း

၎င်းကုသိုလ်ဖြစ်ဆေးခန်းသို့ သဃ်န်းကျွန်းမြို့နယ် သုမင်္ဂလာအိမ်ရာမှ ဦးဝင်းအောင်က ငွေကျပ် ၃၆၀၀၀၀ တန်ဖိုးရှိ ဆေးဝါးများကိုလည်းကောင်း၊ ပဲခူးမြို့ ၁၈လမ်းနေ ဦးကောက်–ဒေါ်အုန်းတို့က မွေးနေ့အလှူငွေကျပ် တစ်သိန်းတန်ဖိုးရှိ ဆေးဝါးများကိုလည်းကောင်း လှူဒါန်းကြရာ ဆေးခန်းဖြစ်မြောက်ရေးကော်မတီမှ တာဝန်ရှိသူများက လက်ခံယူသည်။

ကုသိုလ်ဖြစ်ဆေးခန်းသည် နေ့စဉ် ညနေ ၄ နာရီမှ ည ၇ နာရီ အထိ ဖွင့်လှစ်၍ လူမျိုးဘာသာမရွေး အခမဲ့ဆေးကုသပေးနေသည်။ ဆေးဝါးလှူဒါန်းလိုပါက ဖုန်း–၂၂၈၀၈၁၊ ၅၀၂၆၅၇၊ ၀၉–၈၉–၂၂၅၈၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ်ရပ်တည် လုပ်ပိုင်ခွင့်အလွဲသုံးပြီး ဖောက်ပြန်မှုနှင့် အကျင့်ပျက်လာဘ်စားမှုတိုက်ဖျက်

ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ပြည်သူကိုအလုပ်အကျွေးပြု

နေပြည်တော် မတ် ၃

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဗဟိုလေ့ကျင့်ရေးကျောင်း ဒုတိယရဲအုပ်လောင်းသင်တန်း အမှတ်စဉ်(၅၈/၂၀၀၆)သင်တန်းဆင်းပွဲ အခမ်းအနားကို မတ် ၁ရက် နံနက်၇နာရီက ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲဗဟိုလေ့ကျင့်ရေးကျောင်း စစ်ရေးပြကွင်း၌ ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားသည်။

တပ်ခွဲများစစ်ဆေး

စစ်ရေးပြအခမ်းအနားတွင် ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက ဒုတိယရဲအုပ်လောင်းများ၏ အလေးပြုခြင်းကိုခံယူ၍ တပ်ခွဲများကို စစ်ဆေးပြီး ဒုတိယ ရဲအုပ်လောင်းတပ်ခွဲများ၏ အနေးလျှောက် အမြန်လျှောက်တို့ဖြင့် ချီတက် အလေးပြုခြင်းကို ခံယူသည်။ ထို့နောက် ရဲချုပ်က အကောင်းဆုံး ကျောင်းသားဆုနှင့် ဥပဒေထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းဘိုဘို၊ လေ့ကျင့်ရေးထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဇင်ကိုကို၊ အင်္ဂလိပ်စာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်း ဝင်းထိုက်၊ ကွန်ပျူတာထူးချွန်ဆုရ ဒုတိယရဲအုပ်လောင်းစိုင်းဒေါတို့အား ဆုများကိုချီးမြှင့်သည်။

မှာကြား

ထို့နောက် ရဲချုပ်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ အဓိက ရည်ညွှန်းချက်တာဝန်အပြင် နိုင်ငံတော်ကာကွယ်ရေး အရန်အင်အား တည်ဆောက်မှုတာဝန်ကိုပါ ထမ်းဆောင်ကြရန်၊ နိုင်ငံတော်၏ အမျိုးသားရေးမူဝါဒဖြစ်သည့် ဒို့တာဝန်အရေး သုံးပါးကို အမြဲဦးထိပ်ထားပြီး နိုင်ငံတော်နှင့် ပြည်သူကို အစဉ်သဖြင့် ကာကွယ်စောင့်ရှောက်သည့် ရဲတပ်ဖွဲ့ဝင်များအဖြစ် ရပ်တည်ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရသည် ဝန်ထမ်းများအတွင်း လုပ်ပိုင်ခွင့်အလွဲသုံးပြီး ဖောက်ပြန်မှုနှင့် အကျင့်ပျက်လာဘ်စားမှု တိုက်ဖျက်ရေးကို အလေးအနက်ထား ဆောင်ရွက်နေသည့် အချိန်အခါဖြစ်သည့်အလျောက် နိုင်ငံတော်၏ လိုလားချက်ကို စွမ်းစွမ်းတမံ ဖြည့်ဆည်းရင်းဖြင့် မိမိကိုယ်၌ကလည်း အဂတိတရားကင်းစင်ပြီး စာရိတ္တခြစားမှုလုံးဝမရှိဘဲ မိမိ၏ လုပ်ပိုင်ခွင့်နှင့် တာဝန်ကို ဖြူစင်ဖြောင့်မတ်သော စိတ်စေတနာဖြင့် ထမ်းဆောင်၍ ပြည်သူလူထုကို အလုပ်အကျွေးပြုရန်၊ နိုင်ငံတော်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများကို အထက်အကြီးအကဲများ၏ လမ်းညွှန်ချက်များနှင့်အညီ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ စိတ်ဓာတ်ကောင်းခြင်း၊ စည်းကမ်းကောင်းခြင်း၊ စနစ်တကျရှိခြင်း၊ စေတနာပါခြင်းဆိုသည့် “စ”လေးလုံးကို ရှေ့တန်းတင်ပြီး အလုပ်လုပ်ကြရန်၊ ပြည်သူက လိုလားသော ရဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လိုလားသော ရဲ၊ နိုင်ငံတော်မှ လိုလားသော ရဲတပ်ဖွဲ့ဝင်များအဖြစ် တစိုက်မတ်မတ် ရပ်တည်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား ၂၀၅ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်းနှင့် သာမန်အဆင့် သင်တန်းဖွင့်

ရန်ကုန် မတ် ၃

မွန်ပြည်နယ် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်း ရှေးဦးပြုစုခြင်း သင်တန်းအမှတ်စဉ်(၁/၂၀၀၇)နှင့် သာမန်အဆင့်အမှတ်စဉ်(၂/၂၀၀၇)သင်တန်းဖွင့်ပွဲနှင့် ကြက်ခြေနီသုံး ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၆ရက်က မော်လမြိုင်တက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် မွန်ပြည်နယ်ကြက်ခြေနီ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်ဝင်းကျော်က အဖွင့်အမှာစကားပြောကြားပြီး ကြက်ခြေနီသုံးဆေးပစ္စည်းများကို မော်လမြိုင်တက္ကသိုလ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဦးမောင်မောင်မြင့်ထံ ပေးအပ်ကြောင်း သတင်းရရှိသည်။ **(ယာပုံ)** **(သတင်းစဉ်)**

ပုသိမ်မြို့ ကမ်းနားလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လမ်းဖွင့်ပွဲကျင်းပ တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်နှင့် ဝန်ကြီးဗိုလ်မှူးကြီးသိန်းညွန့်တက်ရောက်

ရန်ကုန် မတ် ၃

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်း ပုသိမ်မြို့ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၂၆ ရက် နံနက်၇နာရီခွဲကကျင်းပရာ အခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် အတွင်းရေးမှူးများနှင့်အသင်းဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းက လမ်းနှင့် ပတ်သက်သော အချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် လမ်းဖြစ်မြောက်အောင် ဆောင်ရွက်ပေးခဲ့ခြင်းအပေါ် ရပ်ကွက်နေ ပြည်သူများကိုယ်စား မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်မြင့်သိန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပုသိမ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းထွန်းထွန်းက ဖွင့်ပွဲအထိမ်းအမှတ်အလံများပေးအပ်သည်။

ယင်းနောက် ကတ္တရာလမ်းသစ်အား တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးကျော်ဆန်း၊ တိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ကတ္တရာလမ်းသစ်အား လှည့်လည်ကြည့်ရှုခဲ့သည်။

ဆောင်ရွက်ပေးခဲ့

အဆိုပါ ပုသိမ်မြို့ ကမ်းနားလမ်း ကတ္တရာထပ်ပိုးလွှာ ခင်းခြင်းသည် အရှည်ပေ၇၀၀၊ အကျယ်၂၄ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရန်ပုံငွေကျပ်သိန်း၄၀နှင့် ပြည်သူထည့်ဝင်ငွေကျပ်၅၈ဒသမ၅သိန်း စုစုပေါင်း ကုန်ကျငွေ ကျပ်၉၈ဒသမ၅သိန်းဖြင့် ဆောင်ရွက်ခဲ့သော လမ်းဖြစ်သည်။ အဆိုပါလမ်းအပိုင်း(၁)အား ၂၀၀၅-၂၀၀၆ဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ်၁၀၁သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း၁၂၀ စုစုပေါင်း ကျပ်၂၂၁ သိန်းဖြင့် လမ်းအရှည်၄၅၃၅ပေ၊ အကျယ်၂၄ပေရှိ ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ကမ်းနားလမ်းအပိုင်း(၂)အား အဖွဲ့ရန်ပုံငွေကျပ်၂၀၅သိန်း၊ နိုင်ငံတော်ထောက်ပံ့ငွေ ကျပ် ၄၉၅ သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၂၂၀ စုစုပေါင်းကျပ်သိန်း ၉၂၀ဖြင့် ကွန်ကရစ်လမ်းအရှည် ပေ ၂၃၅၀၊ ကတ္တရာလမ်း အရှည်ပေ ၈၄၀၀အား ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

လက်ဆောင်ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့်အဖွဲ့သည် ကန်ကြီးထောင့်မြို့နယ် ဆပ်ကွင်းကျေးရွာသို့ ရောက်ရှိပြီး ဆပ်ကွင်းကျေးရွာတွင် ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင် ဆရာဝန်များမှ ကျေးလက်ပြည်သူများအား စေတနာ့ဝန်ထမ်း ဆေးကုသနေမှုများကို လှည့်လည်ကြည့်ရှုရာ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသန်းထွန်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်တို့က ရှင်းလင်းတင်ပြသည်။ ထို့နောက် ဝန်ကြီးက ဆေးကုသရန် ရောက်ရှိလာသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားပြီး ဆေးပစ္စည်းများ လက်ဆောင်ပေးအပ်သည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ဆပ်ကွင်းကျေးရွာရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျေးလက်ပြည်သူ ၃၅၀၀ကျော်နှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

အဆင့်မြှင့်တင်

ဝန်ကြီးက အမှာစကားပြောကြားရာတွင် နိုင်ငံတော်က ပြည်သူများအတွက် ဆောင်ရွက်ပေးနေသည့် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် အထူးဒေသကြီး ၂၄ ခုစီမံကိန်းများကြောင့် တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရရှိနေပြီဖြစ်ကြောင်း၊ ဆပ်ကွင်းကျေးရွာအား စံပြကျေးရွာအဖြစ် တည်ဆောက်၍ လိုအပ်သည့် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ကွင်းယားကျေးရွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးဝင်းခိုင်နှင့် ဆပ်ကွင်းကျေးရွာမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် စကျော်စိုးမိုးတို့က ကျေးရွာ၏ လိုအပ်ချက်များအား တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ ပံ့ပိုးပေးသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် အဖွဲ့သည် ဆပ်ကွင်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ကျောင်းအတွက် လိုအပ်နေသော ကျောင်းဆောင်ပြုပြင်ရေး၊ ကျောင်းသားများ ကျောင်းတက်ရာတွင် လိုအပ်နေသော ကျောက်ချောလမ်းဖြစ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျော်ဖုံးမှ*

ကာကောဏ္ဏ(၁)တွင်းကို အောင်မြင်စွာ တူးဖော်စမ်းသပ်နိုင်ခဲ့မှု အခြေအနေများကိုလည်းကောင်း၊ PTTEP ကုမ္ပဏီမှ President Mr. Marrot Mrigadat က လုပ်ကွက်အမှတ် M-9 ၏ အလားအလာများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက သဘာဝဓာတ်ငွေ့ အလားအလာကောင်းများကို တိုးတက်တွေ့ရှိအောင် ရှာဖွေသွားနိုင်ရေး၊ စီးပွားဖြစ်ထုတ်လုပ်မှုကို အမြန်ဆုံးစတင်နိုင်ရေး M-9မှ ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့ကို ပြည်တွင်းသုံးစွဲရေးတို့အတွက် လုပ်ငန်းစဉ်များကို အဆင့်အလိုက် ဆွေးနွေးမှာကြားသည်။ ဆက်လက်၍ ဝန်ကြီး၊ PTTEP ကုမ္ပဏီနှင့် စွမ်းအင်ဝန်ကြီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များသည် ဆက်လက် ဆောင်ရွက်သွားရမည့် အစီအစဉ်များကို အသေးစိတ်ညှိနှိုင်း ဆွေးနွေးကြသည်။

အောင်မြင်စွာစမ်းသပ်

ထို့နောက် ဝန်ကြီးက မုတ္တမကမ်းလွန်တွင်းတူးစင်တွင် တာဝန်ထမ်းဆောင်နေကြသော မြန်မာအမျိုးသားဝန်ထမ်းများနှင့် နိုင်ငံခြားသားဝန်ထမ်းများအား သစ်သီးခြင်းလက်ဆောင်များကို ပေးအပ်သည်။ ဆက်လက်၍ ဝန်ကြီးသည် တွင်းတူးစင်ပေါ်သို့သွားရောက်ပြီး လုပ်ကွက်အမှတ် M-9 ရှာဖွေရေးတွင်း ကာကောဏ္ဏ(၁)၏ သဘာဝဓာတ်ငွေ့ မီးရှို့စမ်းသပ်မှုကို ထုတ်လုပ်ရေး Valve အား ဖွင့်ပြီး အောင်မြင်စွာ မီးရှို့စမ်းသပ်ပေးသည်။

အဆိုပါလုပ်ကွက် M-9အတွင်း၌ အစမ်းတွင်း ကာကောဏ္ဏ(၁)ကို ဖေဖော်ဝါရီ၇ ရက်တွင် တွင်းတူးစက် Doo Sungဖြင့် တူးဖော်ခဲ့ရာ ဖေဖော်ဝါရီ၂၁ ရက်တွင် အနက် ၁၁၁၂၆ ပေသို့ ရောက်ရှိခဲ့ပြီး စမ်းသပ်မှုများအရ အနက် ၃၄၈၇ ပေနှင့် ၃၅၀၆ အကြား၊ အနက် ပေ၃၅၁၀နှင့် ၃၅၂၀ အကြားတို့တွင် ရှိသည့် သဲကြောများတွင် စီးပွားဖြစ် သဘာဝဓာတ်ငွေ့ ခိုအောင်းနေကြောင်း စမ်းသပ်တွေ့ရှိရသည်။

ထုတ်လုပ်နိုင်

ယခုနှစ် ပွင့်လင်းရာသီအတွင်း လုပ်ကွက်အမှတ် M-9၌ ရှာဖွေရေးတွင်းများဖြစ်သည့် ဇောတိက(၁)၊ ယောသကနှင့် ကာကောဏ္ဏ(၁) စုစုပေါင်း သုံးတွင်းကို တူးဖော်စမ်းသပ်ခဲ့ရာ စီးပွားဖြစ် သဘာဝဓာတ်ငွေ့သိုက်ကို တွေ့ရှိနေပြီဖြစ်သည်။ တူးဖော်ပြီး စမ်းသပ်ရရှိထားသည့် သဘာဝဓာတ်ငွေ့သိုက်ပမာဏကို ခိုင်မာအောင်နှင့် သဘာဝဓာတ်ငွေ့အလားအလာကောင်းများကို ထပ်မံတိုးတက်တွေ့ရှိအောင် ဆက်လက်တူးဖော်စမ်းသပ်သွားမည်ဖြစ်သည်။ ယခု တူးဖော်ပြီးစီးသည့် ကာကောဏ္ဏ(၁)ရှာဖွေရေးတွင်းမှ တစ်ရက်လျှင် သဘာဝဓာတ်ငွေ့ ၂၁ ကုဗပေသန်းကို ထုတ်လုပ်နိုင်ကြောင်း စမ်းသပ်တွေ့ရှိရသည်။

လုပ်ကွက်အမှတ် M-9၌အတွင်း နောက်ထပ်ရှာဖွေရေးတွင်း Exploration Well တစ်တွင်းနှင့် အကဲဖြတ်တွင်း Apprisal Well လေးတွင်းကို ၂၀၀၇ ခုနှစ် ဇူလိုင်လအတွင်းအပြီး တူးဖော်စမ်းသပ်သွားမည်ဖြစ်ပြီး ထွက်ရှိလာမည့် သဘာဝဓာတ်ငွေ့များကို နိုင်ငံတော်အတွက် အကျိုးအများဆုံး ရရှိစေမည့်နည်းလမ်းများကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် စီမံချက်ချမှတ်ပြီး အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်း အမှတ် ကာကောဏ္ဏ(၁)၏ သဘာဝဓာတ်ငွေ့တွင်း တူးဖော်စမ်းသပ်မှုထုတ်လုပ်ရေး Valve အား ဖွင့်လှစ်ပေးစဉ်။ (စွမ်းအင်)

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း တက္ကသိုလ်၊ ကောလိပ်များ လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် မတ် ၃

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌွေးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉ နာရီက ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများနှင့် တွေ့ဆုံသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပါမောက္ခချုပ်ဒေါက်တာ ဦးဝင်းက သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များ၊ သုတေသနဆိုင်ရာ ကိစ္စရပ်များ၊ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များနှင့် e-Library အဆင့်မြှင့်တင်ရေး ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပါမောက္ခဌာနမှူးများက ဘာသာရပ် ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အဝေးသင်တက္ကသိုလ် ကျောင်းသား ကျောင်းသူများ ရက္ခဗေဒနှင့် ရူပဗေဒလက်တွေ့ခန်းများတွင် လက်တွေ့ လုပ်ဆောင်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသားစီမံခန့်ခွဲမှုပညာကောလိပ်သို့ ရောက်ရှိပြီး အဆိုပါ ကောလိပ်က ဖွင့်လှစ်ပို့ချလျက်ရှိသော ကွန်ပျူတာဒီပလိုမာသင်တန်းများတွင် စာတွေ့လက်တွေ့သင်ကြား သင်ယူနေသည်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တွေ့ဆုံ

ထို့နောက် ဝန်ကြီးက ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအား တွေ့ဆုံပြီး သင်ကြားရေးနှင့်စီမံခန့်ခွဲရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားသည်။

ထိုမှတစ်ဆင့် ဝန်ကြီးဒေါက်တာချမ်းငြိမ်းနှင့်အဖွဲ့သည် ရန်ကုန်တက္ကသိုလ်သို့ ရောက်ရှိပြီး ရူပဗေဒစာသင်ခန်းမတွင် ဘာသာရပ်အသီးသီးမှ ပါရဂူဘွဲ့ရ ဆရာများနှင့်တွေ့ဆုံ၍ သုတေသနလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ပညာရေးနည်းပညာ အထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းသား သင်တန်းသူများ သင်တန်းတက်ရောက်နေမှု အခြေအနေကို စာသင်ခန်းများသို့ လှည့်လည်စစ်ဆေးပြီး သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကယ်ဒမီရွှေစင်ရုပ်ဆုချီးမြှင့်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

ရန်ကုန် မတ် ၃

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၀၅ခုနှစ်အတွက် အကယ်ဒမီရွှေစင်ရုပ်ဆုချီးမြှင့်ပွဲ အခမ်းအနားကို မတ် ၅ရက် ညနေ ၆ နာရီ အချိန်တွင် နေပြည်တော် မြို့တော်ခန်းမရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က ယင်းနေ့ ညနေ ၅နာရီအချိန်မှ စတင်၍ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗိုနမာရ်အောင်စေတီတော်မြတ် ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်ရှိ ဗိုနမာရ်အောင်စေတီတော်မြတ်ကြီး၏ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက်၇နာရီခွဲက အဆိုပါစေတီတော်မြတ်ကြီး၌ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် မိသားစု၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဗိုနမာရ်အောင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဒေါက်တာမိုးတင်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ရှေးဦးစွာ အခမ်းအနား ပထမပိုင်းအစီအစဉ်များကို ဝဏ္ဏဂုဏ်ရည်ကျောင်းတော်၌ကျင်းပရာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အင်းစိန်မြို့နယ် ရွာမပရိယတ္တိစာသင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ပရိသတ်တို့က ကိုးပါးသီလခံယူဆောက်တည်ကြကာ သံဃာတော်များရွတ်ပွားသော ပရိတ်တရားတော်များကို နာယူကြသည်။ ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို သံဃာတော်များထံ ဆက်ကပ်လှူဒါန်းကြပြီး လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုနမာရ်အောင်စေတီတော် ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်က စေတီတော် ပြုပြင်မွမ်းမံတည်ဆောက်ခဲ့မှု အခြေအနေများနှင့်စပ်လျဉ်း၍ ရှင်းလင်းလျှောက်ထားသည်။

တင်လှူပူဇော်

ယင်းနောက် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် ဒဂုံပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏာနန္ဒထံမှ ဩဝါဒကထာ ... ပရိသတ်တို့က ရေစက်ချအနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် သံဃာတော်များက ဦးဆောင်ပြီး အလှူရှင်များနှင့် ပရိသတ်တို့က ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်မြတ်ကြီးအား လက်ယာရစ် တစ်ပတ် လှည့်လည်ပင့်ဆောင်ကြသည်။

ယင်းနောက် မင်္ဂလာအချိန်တွင် ဌာနဆိုင်ရာအကြီးအကဲများက ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်သို့ တင်လှူပူဇော်ကြပြီး အလှူရှင်များက အရံစေတီထီးတော်များကို သတ်မှတ်နေရာအသီးသီးတွင် တစ်ပြိုင်တည်း တင်လှူပူဇော်ကြကာ ရွှေထီးတော်တင်မင်္ဂလာအခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မုဒုံအသင်း(ရန်ကုန်) ဆဋ္ဌမအကြိမ် ဂုဏပူဇာပွဲကျင်းပ

ရန်ကုန် မတ် ၃

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၂၀၀၇ခုနှစ် ဇန်နဝါရီ ၄ရက် (လွတ်လပ်ရေးနေ့) တွင် အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၀၇) ဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်း ခံရသော မွန်ပြည်နယ် မုဒုံမြို့ မြို့မ(၄)ရပ်ကွက် ရေတောင်တောရ ဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဆရာတော် ဘဒ္ဒန္တပညာဝရနှင့် သဒ္ဓမ္မဇောတိကဘွဲ့တံဆိပ်တော် ဆက်ကပ်လှူဒါန်းခြင်းခံရသော မုဒုံမြို့ မြို့မ(၄) ရပ်ကွက် ကွမ်ကသောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသုမန ဆရာတော်နှစ်ပါးတို့အား မုဒုံအသင်း(ရန်ကုန်)က ကြီးမှူး၍ ဆဋ္ဌမအကြိမ် ဂုဏပူဇော်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် အာဇာနည်လမ်း ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီးရှိ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပသည်။

ပူဇော်ပွဲတွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာဝရထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဘွဲ့တံဆိပ်တော်ရ ဆရာတော်နှစ်ပါးတို့အား မုဒုံအသင်း (ရန်ကုန်)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးကြည်ထွန်း(ငြိမ်း)နှင့် အမှုဆောင်အဖွဲ့ဝင်များက ဦးဆောင်၍ မုဒုံအသင်း (ရန်ကုန်) အသင်းဝင်များနှင့် မိသားစုများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းအခမ်းအနားတွင် မုဒုံအသင်း (ရန်ကုန်)အသင်းဝင် သားသမီးများ ပညာသင်ထောက်ပံ့ကြေးဆုနှင့် ပညာရည်ချွန်ဆု ချီးမြှင့်ရန်အတွက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကိုယ့်မင်းကိုယ့်ချင်းလမ်း အမှတ်၄၈နေ ဦးမောင်မောင်တင်နှင့်ဇနီး ဒေါ်ဆွေဆွေဝင်း မိသားစုက ငွေကျပ်သိန်း၅၀ **(အပေါ်ပုံ)** နှင့် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရွှေစံပယ်ရိပ်မွန် တိုက်အမှတ် (O) အခန်း (၃/၄)နေ အငြိမ်းစားသံအမတ်ကြီး ဗိုလ်မှူးကြီးသက်ဝင်း(ငြိမ်း)မိသားစုက အသင်းပိုင်အသုံးပြုရန်အတွက် ငွေကျပ် ၁၄၀၀၀၀ တန်ဖိုးရှိ အသံချဲ့စက်ပစ္စည်းစုံတစ်လုံးကိုမုဒုံအသင်း(ရန်ကုန်) ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။ **(မြန်မာ့အလင်း)**



ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေး လုပ်ငန်းများ တစ်ပြေးညီသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အခအေးလျော့နည်းလာ

၃-၃-၂၀၀၇

နေပြည်တော်	၂၁	ဒီဂရီစင်တီဂရိတ်
လားရှိုး	၈	ဒီဂရီစင်တီဂရိတ်
ဟားခါး	၁၀	ဒီဂရီစင်တီဂရိတ်
ကသာ	၁၂	ဒီဂရီစင်တီဂရိတ်
မင်းတပ်	၁၃	ဒီဂရီစင်တီဂရိတ်
မန္တလေး	၁၈	ဒီဂရီစင်တီဂရိတ်
ရန်ကုန်(ကမ္ဘာအေး)	၂၀	ဒီဂရီစင်တီဂရိတ်

အာဆီယံခရီးသွားလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မတ် ၃

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် မတ်၁ရက် နံနက် ၉နာရီက ရန်ကုန်မြို့ ဒူးဆစ်အင်းလျားကန် ဟိုတယ်၌ ကျင်းပသော အာဆီယံ ခရီးသွားလုပ်ငန်းဆိုင်ရာ အသက်မွေးလုပ်ငန်းများ တစ်ပြေးညီသတ်မှတ်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ဖွင့်ပွဲသို့ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ အထူးအရာရှိ Mr. Eddy Krismeid , Ms. Ida Trisnasari နှင့် ဩစတြေးလျနိုင်ငံ Uni Quest မှ စီမံချက်မန်နေဂျာ Mr. Penhall ၊ မြန်မာနိုင်ငံဟိုတယ် လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များ၊ ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ဖွင့်ပွဲအခမ်းအနားတွင် ဝန်ကြီးက အမှာစကားပြောကြားသည်။

ဆက်လက်၍ ဩစတြေးလျနိုင်ငံ Uni Quest မှ စီမံချက်မန်နေဂျာက အမှာစကားပြောကြားသည်။

ထို့နောက်ဝန်ကြီးသည် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ငွေပေါ်ကျွန်း ပုဒ္ဓဒူတတောင်စွန်း ရွှေတဂူ တရားစခန်းပွဲနှင့် ပုဒ္ဓယဉ်ကျေးမှုသင်တန်း

ရန်ကုန် မတ် ၃

ဗုဒ္ဓအလိုတော်ကျ မိုးကုတ်ဆရာတော်ကြီး၊ မဟာစည်ဆရာတော်ကြီး၊ သဲအင်းဂူဆရာတော်ကြီး၊ လယ်တီဆရာတော်ကြီး၊ ဓမ္မဒူတ အရှင်ပညာဇောတ ဆရာတော်ကြီးများအား ကျေးဇူးပြု ကျေးဇူးဆပ်သောအားဖြင့် သာသနာပြန့်သစ္စာအဓိဋ္ဌာန် သမထ ဝိပဿနာတရားစခန်းပွဲကို (ပဥ္စမအကြိမ်) မတ်၁၈ရက်မှ ၂၂ရက်အထိ၊ (ဆဋ္ဌမအကြိမ်) ဧပြီ ၁၂ရက်မှ ၁၆ရက်အထိ၊ (သတ္တမအကြိမ်) ဧပြီ ၁၈ရက်မှ ၂၂ရက်အထိ ဗုဒ္ဓယဉ်ကျေးမှုအခြေခံသင်တန်းကို မတ် ၂၄ရက်မှ ဧပြီ ၆ရက်အထိ သင်ကြားပို့ချပေးမည်။ ဝိပဿနာတရားစခန်းများကို တစ်ရက်ကြိုတင် စာရင်းပေးသွင်းနိုင်ပြီး ဓမ္မသဘင်ပွဲများ ပင့်ဆောင်နိုင်သည်။

ဆက်သွယ်လိုပါက မထေက်ထက်ပိုင် IX-H, T.T.C (ကမာရွတ်)၊ ဦးငွေဟိန်း(ငွေပေါ်ကျွန်း) ကြွေးကင်း ရန်ပြေအောင်ပေါင်းစုဘုရားဝင်း ဖုန်း-၀၉-၅၁-၈၀၈၁၁၊ ဦးစန္ဒိမာ(အောင်မင်္ဂလာ) လယ်တီစံကျောင်း ပုဇွန်တောင်၊ ဦးတင်ရီ(မလွကုန်းလမ်း၊ ကျောက်မြောင်း) ဖုန်း-၀၉-၅၁-၃၇၄၅၅၊ ဆရာကြီးဦးတင်ထွန်းငြိမ်း ဇင်္ဂမလမ်း သာကေတ၊ ဆရာကြီးဦးအောင်သာငြိမ်း၁၂၊ ၁၁ ရပ်ကွက် မေတ္တာလမ်း တောင်ဥက္ကလာပ၊ မရီလှိုင် စတိုင်လ် ရွှေနှင့်ဆန်ရောင်းဝယ်ရေး ဖုန်း-၅၇၁၂၃၈ (၁၀)ရပ်ကွက်ဈေး တောင်ဥက္ကလာပ၊ ဦးအောင်ကြည် ပြည်ထောင်စုကြံခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဝေဘာဂီမြို့သစ်နှင့် ဒေါ်မြင့်မြင့်မော်(ဥက္ကဋ္ဌ) မိခင်နှင့်ကလေး စောင့်ရှောက်ရေး(ဝေဘာဂီ)တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာ့ဗ် ဂေါက်သီးရိုက်ပြိုင်ပွဲ တတိယ လက်ရည်စစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် မတ် ၃

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်ကကြီးမှူး၍ International Beverages Trading Co.,Ltd.က အဓိကကူညီပံ့ပိုးသော ဂရင်းရွိုင်ရယ် စပါယ်ရှယ်ရီဆာဗ့် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ တတိယလက်ရည်စစ်ပြိုင်ပွဲ (Grand Royal Special Reserve Third Qualify Round)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီက မော်လမြိုင်မြို့ရှိ ငန်းတေး ဂေါက်ကလပ်၌ကျင်းပရာ လှဝင်းက Nett Total အချက်၇၀ဖြင့် ဖွင့်ပွဲနေ့ပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသည်။

ပထမနေ့ပြိုင်ပွဲ

ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင် Amateur Golfersများသည်တီခုံ (၁) ၌ နေရာယူကြပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ်မှဗိုလ်မှူးကြီးမျိုးအောင်ဌေး၊ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်း၊ MPGA နှင့် MGF အမှုဆောင် ဦးကိုကိုလေး နှင့် IBTC မှ Desing and Development ဒါရိုက်တာ ဦးတင့်ဦးတို့က အလှည့်ကျ ဂေါက်သီးရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ဦးဆောင်ကစား

ပထမနေ့ ၁၈ ကျင်း ပြိုင်ပွဲအပြီးတွင် Amateur Golfers ပြိုင်ပွဲတွင် လှဝင်းက Nett Total အချက် ၇၀ ဖြင့် ဦးဆောင် ကစားလျက်ရှိသည်။

စိုးဦး၊ ဇာလီ၊ ကျော်သူရ၊ စိုးဝင်းအောင်၊ စိုးလွင်နှင့် မျိုးဝင်းတို့က Nett Total ၇၁ချက်စီဖြင့် ဒုတိယလိုက်နေကြပြီး ဇော်နိုင်၊ ဇော်ဝင်းနှင့် စိုးနိုင်တို့က Nett Total၇၂ချက်စီဖြင့် တတိယလိုက်နေကြသည်။

ပံ့ပိုးကူညီ

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ International Beverages Trading Co., Ltd. ဖြစ်ပြီး Co-Sponsorsများအဖြစ် Air Mandalay၊ Hotel Nikko၊ Srixon နှင့် Alpine တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး တတိယလက်ရည်စစ် ဂေါက်သီးရိုက် ပြိုင်ပွဲ ဖြစ်မြောက်အောင်မြင်ရေးအတွက် Organized by Han Event Management က တာဝန်ယူ ဆောင်ရွက်ပေးလျက်ရှိသည်။

မတ်၄ရက် နံနက်၈နာရီတွင် ဒုတိယနေ့ ၁၈ကျင်းပြိုင်ပွဲကို ယင်းဂေါက်ကလပ်၌ပင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရေအားလျှပ်စစ်စီမံကိန်းပါလျှင် မိမိကိုယ်တိုင် ဒီဇိုင်းရေးဆွဲတည်ဆောက် အသေးစားရေအားလျှပ်စစ်လုပ်ငန်းများကို ကိုယ်စွမ်းကိုယ်စဖြင့် လုပ်ကိုင်နိုင်ရမည်

ရှင်းလင်းတင်ပြ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေအား မမြရေလှောင်တမံ စီမံကိန်းနှင့် စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေး နှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

● **ရှေ့ဖုံးမှ**

ရန်ကုန်မြို့မှ ဧရာဝတီတိုင်း မြန်အောင်မြို့နယ်ရှိ မမြရေလှောင်တမံ စီမံကိန်းသို့ရောက်ရှိရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်နှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

အကောင်အထည်ဖော်နေ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ရှင်းလင်းတင်ပြရာ၌ မမြရေလှောင်တမံစီမံကိန်းကို မြန်အောင်မြို့နယ် ပုသိမ်–မုံရွာ ကားလမ်းဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့် အကွာ မမြချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်ပါကြောင်း။

တည်ဆောက်လျက်ရှိ

တမံအမြင့် ပေ ၁၅၀၊ အလျား ပေ ၁၁၈၀၀ ရှိ မြေသားတမံကို တည်ဆောက်လျက်ရှိပါကြောင်း၊ တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ခုနစ်သောင်းဖြစ်ပါကြောင်း၊ စိုက်ပျိုးမြေဧက တစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်ပြီး မမြချောင်းဝဲ/ယာရှိ လယ်ယာမြေများ ရေကြီး နစ်မြုပ်ခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်ပါကြောင်း၊ ရေအားလျှပ်စစ်ကီလိုဝပ်၅၀၀လည်း ထုတ်ယူရရှိမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး အကြိုတည်ဆောက်ခြင်းလုပ်ငန်း၊ ရေစိမ့်တားကွန်ကရစ် နံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေထုတ်ပြွန်နှင့် ရေထိန်းမျှော်စင်တည်ဆောက်ခြင်းလုပ်ငန်း၊ ရေပိုလွှဲတည်ဆောက်ခြင်းလုပ်ငန်း၊ ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းလုပ်ငန်းများနှင့် လုပ်ငန်းကဏ္ဍအလိုက် ဆောင်ရွက်ပြီးစီးသည့်အခြေအနေများကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

တည်ဆောက်နိုင်

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လမ်းညွှန်မှာကြားရာတွင် **မမြရေလှောင်တမံစီမံကိန်းသည် စိုက်ပျိုးရေပေးဝေသည့်လုပ်ငန်းနှင့်အတူ အသေးစားရေအားလျှပ်စစ်လုပ်ငန်းပါ ပူးတွဲတည်ဆောက်ထားသည့် စီမံကိန်းဖြစ်ကြောင်း။**

ယခုအခါ နိုင်ငံတော်၌ ဆည်တမံလုပ်ငန်းပေါင်း ၂၀၀နီးပါးခန့်ကို တည်ဆောက်အကောင်အထည်ဖော်ခဲ့ပြီးဖြစ်၍ ဆည်တမံအမျိုးအစားမျိုးစုံကို ကျွမ်းကျွမ်းကျင်ကျင် တည်ဆောက်နိုင်အားရှိနေပြီဖြစ်ကြောင်း။

ထို့အတူ ရေအားလျှပ်စစ်စီမံကိန်းများ ပူးတွဲပါလျှင်လည်း မိမိကိုယ်တိုင် ဒီဇိုင်းဆွဲ၊ မိမိကိုယ်တိုင် တည်ဆောက်လုပ်ကိုင်နိုင်အားရှိရမှာဖြစ်ကြောင်း။

အထူးသဖြင့် အသေးစား ရေအားလျှပ်စစ်လုပ်ငန်းများကို တည်ဆောက်ရာ၌ ကိုယ်စွမ်းကိုယ်စဖြင့် ကိုယ်တိုင်လုပ်ကိုင်နိုင်စွမ်း ရှိရမှာဖြစ်ကြောင်း။

အကျိုးကျေးဇူး

သို့မှသာ ဆည်တမံလုပ်ငန်းရော၊ ရေအားလျှပ်စစ်လုပ်ငန်းပါ ကြန့်ကြာမှုမရှိ တစ်ပြိုင်တည်း တည်ဆောက်ပြီးစီးနိုင်ပြီး ပြည်သူများအနေဖြင့် မြန်မြန်အကျိုးကျေးဇူး ခံစားရမှာဖြစ်ကြောင်း။

ပြုပြင်ထိန်းသိမ်း

ထို့အပြင် မိမိတို့ တည်ဆောက်ခဲ့သည့် ဆည်တမံများအနက် အချို့ဆည်တမံများမှာ နှစ်ကြာလာသည်နှင့်အမျှ ပြုပြင်မွမ်းမံထိန်းသိမ်းမှုလုပ်ငန်းများကို အချိန်မှန်မှန် အလေးထား လုပ်ကိုင်သွားရန် လိုအပ်နေပြီဖြစ်ကြောင်း။

ဆည်ရေသောက်စနစ် အချို့၌ ပြန်လည်ပြုပြင်ရမည့် အပိုင်းများကို သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အဆင့်ဆင့်စစ်ဆေးကြပ်မတ်ကွပ်ကဲမှုများဖြင့် ပုံမှန်ထိန်းသိမ်းပြုပြင် မွမ်းမံသွားကြရန် လိုကြောင်း။

တိုးချဲ့စိုက်ပျိုးရေးအားပေး

ဧရာဝတီတိုင်းအတွင်းရှိ ဆည်ရေသောက် ဧရိယာများ၌ ဖြစ်ထွန်းအောင်မြင်နိုင်ပြီး ဝင်ငွေရရှိသည့် သီးနှံအမယ်သစ်များကို တိုးချဲ့စိုက်ပျိုးလာအောင်လည်း အားပေးသွားကြရန်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စီမံကိန်းရှင်းလင်းဆောင်မှနေ၍ မမြရေလှောင်တမံအတွင်း ရေထိန်းသိမ်းသိုလှောင်ထားနိုင်မှုများကို ကြည့်ရှုသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ရေထိန်းမျှော်စင်တည်ဆောက်ပြီးစီးမှုများကိုလည်းကောင်း၊ ပင်မတမံတည်ဆောက်ခြင်းလုပ်ငန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။ ရေပိုလွှဲတည်ဆောက်ပြီးစီးမှု အခြေအနေကိုလည်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရေအားလျှပ်စစ်ရရှိနိုင်

မမြရေလှောင်တမံစီမံကိန်းကို ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်ပြီး ယခုအခါ စီမံကိန်း လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။ မမြရေလှောင်တမံ စီမံကိန်းပြီးစီးပါက စိုက်ပျိုးရေပေးဝေနိုင်မည်သာမက ကီလိုဝပ် ၂၅၀ တပ်ဆင်အင်အားရှိ စက်နှစ်လုံးဖြင့်လည်း ရေအားလျှပ်စစ်ထုတ်ယူရရှိနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီတွင် ဟင်္သာတမြို့နယ်ရှိ ငဝန်တံတား(မြို့ကွင်း)တည်ဆောက်ရေးစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့်ရောက်ရှိကြရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက ရှင်းလင်းတင်ပြရာ၌ လက်ရှိ ကားရော ရထားပါ အသုံးပြုလျက်ရှိသည့် မြို့ကွင်းတံတားမှာ ၁၉၀၇ ခုနှစ်ကတည်းက အသုံးပြုခဲ့သည့်တံတား ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြောင်းလဲတိုးတက်လာသည့် ဝန်လေးမော်တော်ယာဉ်များ ဖြတ်သန်း အသုံးပြုနိုင်ရေးအတွက် ငဝန်တံတား(မြို့ကွင်း) တံတားအသစ်တစ်စင်းကို တည်ဆောက်ရခြင်း ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီး၏ လမ်းညွှန်ချက်နှင့်အညီ တန် ၆၀ ခံနိုင်ဝန်ရှိသည့် တံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြပြီး စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ပင်မတံတားတည်ဆောက်ခြင်း လုပ်ငန်း၊ ဟင်္သာတဘက်ကမ်းနှင့် အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းများ၊ လုပ်ငန်းပြီးစီးမှု အခြေအနေများကို ဆက်လက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်တို့က ဧရာဝတီတိုင်းအတွင်းရှိ လမ်း၊ တံတားများအခြေအနေနှင့် ပြည်သူများ အသုံးပြုနိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦးက တံတားတည်ဆောက်ရေး စီမံကိန်းများ၌ သံပေါင်များ ထုတ်လုပ်ဖြည့်ဆည်းပေးမှုများကို ရှင်းလင်းတင်ပြသည်။

မမြရေလှောင်တမံစီမံကိန်း၏ အကျိုးရလဒ်ဖြစ်ပေါ်နိုင်မှုများ

- **မမြရေလှောင်တမံစီမံကိန်းကို မြန်အောင်မြို့နယ် ပုသိမ်–မုံရွာ ကားလမ်းဘေး မျှင်ဝါးတောင်ကျေးရွာ၏ အနောက်မြောက်ဘက် တစ်မိုင်ခွဲခန့်အကွာ မမြချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်နေခြင်းဖြစ်။**
- **တမံအမြင့် ပေ ၁၅၀၊ အလျား ပေ ၁၁၈၀၀ ရှိ မြေသားတမံကို တည်ဆောက်လျက်ရှိ၊ တမံ၏ ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ခုနစ်သောင်းဖြစ်၊ စိုက်ပျိုးမြေဧက တစ်သောင်းကို စိုက်ပျိုးရေပေးဝေနိုင်မည်ဖြစ်၊ မမြချောင်းဝဲ/ ယာရှိ လယ်ယာမြေများ ရေကြီးနစ်မြုပ်ခြင်းမှလည်း ကာကွယ်နိုင်မည်ဖြစ်၊ ရေအားလျှပ်စစ်ကီလိုဝပ် ၅၀၀ လည်း ထုတ်ယူရရှိမည်ဖြစ်။**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မှာကြားလမ်းညွှန်ရာတွင် **ဤဝေန်တံတား (မြို့ကွင်း)သည် ဇလွန်-ဟသ်ာတ-အင်္ဂပူ-မြန်အောင်လမ်းပေါ်၌ရှိသော တံတားဖြစ်ကြောင်း၊ ဤလမ်းသည် မြို့ရွာအများစုကို ဖြတ်သန်းဆက်သွယ်သည့် အတွင်းလမ်း ဖြစ်ပြီး စီးပွားရေးအရ၊ လူမှုရေးအရ အဓိက အရေးပါသဖြင့် သွားလာမှု သွက်လက်မြန်ဆန်စေရန် ဤတံတားသစ်ကို တည်ဆောက်ပေးခြင်းဖြစ်ကြောင်း။**

ဤလမ်းပေါ်ရှိ အခြားတံတားဟောင်းများကိုလည်း တိုးတက်ခိုင်ခံ့အောင် ပြုပြင်ဆောင်ရွက်သွားရမှာဖြစ်သကဲ့သို့ လမ်းကိုလည်း တိုးတက်ကောင်းမွန်အောင် စီမံချက်ဖြင့် တစ်ဆင့်ပြီးတစ်ဆင့် အဆင့်မြှင့်သွားရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဟသ်ာတဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပင်မတံတား တည်ဆောက်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

နှစ်လမ်းသွားတံတား

ဝေန်တံတား(မြို့ကွင်း)၌ ဟသ်ာတဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၈၄၀၊ ပင်မတံတားမှာ ၁၀၃၅ ပေ စုစုပေါင်း တံတားအရှည် ၂၈၃၅ ပေရှိမည့် တံတားဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်နေခြင်းဖြစ်သည်။

တံတားအမျိုးအစားအနေဖြင့် ပင်မတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံပေါင်၊ သံကူကွန်ကရစ်တံတားဖြစ်ပြီး ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်တံတား အမျိုးအစားများဖြစ်သည်။

ဝေန်မြစ်ကူး ဝေန်တံတား(မြို့ကွင်း)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၄)က တာဝန်ယူ တည်ဆောက်နေခြင်းဖြစ်သည်။

ဟသ်ာတမြို့ ဖွံ့ဖြိုးမှု

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဝေန်တံတား(မြို့ကွင်း) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြပြီး ဟသ်ာတမြို့သို့ ရောက်ရှိကြ၍ ဟသ်ာတမြို့ ဖွံ့ဖြိုးတိုးတက်မှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဝေန်တံတား(မြို့ကွင်း)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဝေန်တံတား (မြို့ကွင်း) တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဖျာပုံတံတား

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲတွင် ဖျာပုံမြို့ အမှတ်(၁)ရပ်ကွက်နှင့် ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအကြား ဖျာပုံမြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် ဖျာပုံတံတား တည်ဆောက်ရေးစီမံကိန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြရာ ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက တံတားနှင့် စပ်လျဉ်း၍ ပဏာမရှင်းလင်းတင်ပြသည်။

ဖောက်လုပ်ပြီးစီးမှုတင်ပြ

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဆယ်က ဖျာပုံတံတား တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ဖျာပုံဘက်ကမ်းနှင့် ဒေးဒရဲဘက်ကမ်း ချဉ်းကပ်လမ်း ဖောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက တံတားကြီး ရေရှည်ကြံ့ခိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားပြီး ရှင်းလင်းဆောင်မှနေ၍ ဖျာပုံတံတားကြီးကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တံတားကို မော်တော်ယာဉ်များဖြင့် ဖြတ်သန်းကြည့်ရှုကြပြီး ဖျာပုံမြို့ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း လှည့်လည်ကြည့်ရှုကြသည်။

လွယ်ကူမြန်ဆန်စွာသွားလာနိုင်

ဖျာပုံတံတားကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၇)က တာဝန်ယူ တည်ဆောက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်သည်။ ဤတံတားကြီးပြီးစီးပါက ဖျာပုံမှ ဒေးဒရဲ၊ ကွမ်းခြံကုန်း-ဒလလမ်းအတိုင်း ရန်ကုန်မြို့သို့ လွယ်ကူ မြန်ဆန်စွာ သွားလာနိုင်မည်ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် ဖျာပုံတံတားနှင့် ဖျာပုံမြို့တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ရဟတ်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြရာ ညနေပိုင်းတွင် ရောက်ရှိကြသည်။**(သတင်းစဉ်)**

ဝေန်တံတား (မြို့ကွင်း)

- **ဝေန်တံတား(မြို့ကွင်း)၏ ဟသ်ာတဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၉၆၀၊ အင်္ဂပူဘက်ကမ်း ချဉ်းကပ်တံတားမှာ ပေ ၈၄၀၊ ပင်မတံတားမှာ ၁၀၃၅ ပေ စုစုပေါင်း တံတားအရှည် ၂၈၃၅ ပေ ရှိမည့် တံတားဖြစ်၊ ယာဉ်သွားလမ်းအကျယ် ၂၈ ပေရှိ နှစ်လမ်းသွားတံတားအဖြစ် တည်ဆောက်။**
- **တံတားအမျိုးအစားအနေဖြင့် ပင်မတံတားမှာ ကြိုတင်အားဖြည့် သံကူကွန်ကရစ်ရက်မ၊ သံပေါင်၊ သံကူကွန်ကရစ်တံတားဖြစ်ပြီး ချဉ်းကပ်တံတားများမှာ သံကူကွန်ကရစ်တံတား အမျိုးအစားများဖြစ်။**

မမြရေလှောင်တမံ

မြန်အောင်မြို့နယ် ပုသိမ်-မုံရွာ ကားလမ်းဘေး မျှင်ဝါးတောင် ကျေးရွာအနီး တည်ဆောက်နေသည့် မမြရေလှောင်တမံကို ဤသို့ ခံ့ညားထည်ဝါစွာ တွေ့ရသည်။

(သတင်းစဉ်)

ပြည်ပသို့ သွားလိုသူများ မှန်ကန်သည့် နည်းလမ်းကို သုံးစေချင်

တလောက မိတ်ဆွေတစ်ဦး၏ သားရေးသမီးရေးကိစ္စတစ်ခုသည် ကျွန်တော့်ထံကိုပါ ရိုက်ခတ်လာသဖြင့် တော်တော်စိတ်ပင်ပန်းသွားပါသည်။ ဖြစ်ပုံကဒီလိုပါ၊ ထိုမိတ်ဆွေ၏ အသက် ၂၅နှစ်ခန့်အရွယ် သမီးသည် သူ့ချစ်သူနောက် လိုက်သွားခြင်းဖြစ်သည်။ ဒီကိစ္စလာပြောတော့ ကျွန်တော်ကပင် သီးချိန်တန်သီးလို့ ပွင့်ချိန်တန်ပွင့်တာပဲဗျာဟု နှစ်သိမ့်ရသည်။ ဒါတော့ ဒါပေါ့ဗျာ၊ ကျွန်တော်လဲ ငယ်ရာကကြီးလာတာပဲ၊ ဒီလိုပဲ အိမ်ထောင်ပြုခဲ့လို့ သားသမီးတွေတောင် ဒီအရွယ်ရောက်လာပြီ အခုဟာက သူတို့ထွက်ပြေးကြတာ ၁၀ရက်ကျော်နေပြီ၊ လိုက်စုံစမ်းတော့လဲ အစပျောက်နေတယ်၊ သမီးရှင်ပေမယ့် သူ့အစ်ကို၊မောင်တွေကို လိုက်ပြီး စုံစမ်းခိုင်းရတာပေါ့။ ယူတာကယူပါဗျာ၊ ဒါပေမယ့် လူကုန်ကူးတာတို့ ဘာတို့နဲ့ တွေ့သွားလို့ ရင်ကျိုးမခံနိုင်ဘူး။ သူ့အမေဆို မျက်ရည်နဲ့ မျက်ခွက်ဗျာဟု မိတ်ဆွေက ပြန်ရှင်းပြလိုက်သောအခါမှ ကျွန်တော် ထိတ်လန့်သွားမိသည်။

မိတ်ဆွေခင်ဗျာ၊ သမက်လောင်းအကြောင်း မတွေးနိုင်ဘဲ သူ့သမီးရောင်းစားခံရမှာကိုသာ ကျော်ပြီး တွေးထိတ်ရင်ပူနေပါသည်။ တော်ပါသေးသည်။ နှစ်ပတ်လောက်အကြာမှာ သူတို့စုံတွဲကိုတွေ့၍ အိမ်ခေါ်လာကာ ထိမ်းမြားပေးလိုက်ခြင်းဖြင့် အပူမီးအားလုံး ငြိမ်းသွားရာပါတော့သည်။

စင်စစ် လူလူချင်း အရောင်းအဝယ်လုပ်ကြခြင်းသည် လူကုန်ကူးခြင်းပင်ဖြစ်ရာ ရှေးခေတ်၊ ရောမခေတ် ကျွန်စနစ်နှင့် ဘာမျှ မခြားနားလှပါ။ လူသည် ယဉ်ကျေးသောသတ္တဝါဖြစ်သည့်အလျောက် ဤသို့သော စက်ဆုပ်ရွံရှာဖွယ် အပြုအမူများကို လူ့အသိုင်းအဝိုင်းက လက်မခံ ဆန့်ကျင်ခဲ့ကြတာ ကြာပြီဖြစ်သည်။ အံ့မခန်း တိုးတက်လာနေသော နည်းပညာများအရ ကမ္ဘာကြီးသည် ရွာကြီးဖြစ်လာပြီဖြစ်ရာ အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်များကလည်း ကိုယ့်ပညာအရည်အချင်း၊ ကျွမ်းကျင်မှုအလိုက် မရှားပါးလှပါ။

ထို့ထက် သတင်းစာများတွင် ဖော်ပြပါရှိသော လူကုန်ကူးသူများကို ဖော်ထုတ်ဖမ်းဆီးကာ ပြင်းထန်သော ပြစ်ဒဏ်ချမှတ်နေခြင်းများ၊ အထူးသဖြင့် ထိုင်းနိုင်ငံသို့ တရားမဝင်သွားရောက် အလုပ်လုပ်ကိုင်သူ မြန်မာအချို့ ခေါင်းပုံဖြတ် လူကုန်ကူးခံရမှု သတင်းများသည် ယဉ်ကျေးသော လူ့အဖွဲ့အစည်းအတွက် အော့နှလုံးနာစရာ သတင်းများပင် ဖြစ်တော့သည်။ မိမိနိုင်ငံမှ အခြားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ခြင်းကို မည်သည့်နိုင်ငံကမျှ တားဆီးပိတ်ပင်ထားခြင်း မရှိပေ။ သွားနိုင်ကြပါသည်။

ယခုနှစ် ဖေဖော်ဝါရီ ၂၂ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ လူကုန်ကူးမှုသတင်း ဖတ်လိုက်ရတော့ အံ့ဩခြင်းထက် ဒေါသထွက်စရာကောင်းလှသည်ကို တွေ့လိုက်ရသည်။ Human Trafficking Multi-Disciplinary အဖွဲ့က ထိုင်းနိုင်ငံရှိ မဟာချိုင်မြို့ ရေလုပ်ငန်းစက်ရုံတစ်ရုံအား ဝင်ရောက်စစ်ဆေးပြီး ခေါင်းပုံဖြတ်လူကုန်ကူးခံရသူ မြန်မာအလုပ်သမား ၆၆ဦးအား ဖော်ထုတ်စောင့်ရှောက်ထားကြောင်း၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ထိုင်းနိုင်ငံသို့ သွားရောက်လေ့လာစုံစမ်းပြီး အမှုမှန်ကန်မြန်ဆန်စွာ တည်ဆောက် စစ်ဆေးအရေးယူရေးနှင့် ဆုံးရှုံးနစ်နာမှု လျော်ကြေးများရရှိရေး ညှိနှိုင်း ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တရားမဝင် သွားရောက်လုပ်ကိုင် သောသူအချို့ ခုနစ်နှစ်တာမျှအထိ လုပ်အားခမရဘဲ ချုပ်နှောင်ညှဉ်းပန်း နှိပ်စက်မှုခံနေရသဖြင့် လူကုန်ကူးမှုမခံရရေးနှင့် ပြည်ပသို့ သွားရောက် လုပ်ကိုင်လိုပါက နည်းလမ်းတကျ ဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်ကြောင်း ထိုသတင်းက ဆိုပါသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးစနစ် ပြောင်းလဲကျင့်သုံးလာချိန်မှစ၍ ပြည်ပသို့ ထွက်ခွာကာ အလုပ် လုပ်ကိုင်သူ များပြားလာကြောင်း တွေ့ရပါသည်။ ကျွန်တော့်မိတ်ဆွေ အတော်များများသည် သူတို့၏သား၊ သမီး၊ တူ၊ တူမများ ပြည်ပသို့ သွားအလုပ်လုပ်ရေးကိစ္စတွင် ကျွန်တော့်အား အကူအညီ တောင်းခံလေ့ရှိသည်။ ကျွန်တော်က တရားဝင်ဖွဲ့စည်းဆောင်ရွက်နေသော၊ တိကျခိုင်မာသော ပြည်ပအလုပ်အကိုင် အကျိုးဆောင်များနှင့် ဆက်သွယ်ပေးလိုက်သည်။ ပညာအရည်အချင်းနှင့် ကျွမ်းကျင်မှုအလိုက် အလုပ်သွားလုပ်သူတွေ အများကြီး ရှိပါသည်။

မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ကို သက်ဆိုင်ရာက အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း သုံးသောင်းကျော် ရှာဖွေပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ ထိုအထဲတွင် **မြန်မာနိုင်ငံနှင့်**

မောင်ဆွေဝင်း (ပဲခူး)

နယ်နိမိတ်ချင်း ဆက်စပ်နေပြီး သွားလာရလွယ်ကူသော ထိုင်းနိုင်ငံသို့ လူပေါင်းစုံ သွားရောက်ကြကြောင်း တွေ့ရသည်။ တချို့ မသိနားမလည်သူများသည် လူမဆန်သောပွဲစားများ၏ အကူအညီကို အားကိုးတကြီး ရယူကာ သွားရောက်ကြရာတွင် ဟိုရောက်တော့ ထပ်ပြီး လူမဆန်သည့်အလုပ်ရှင်နှင့် တွေ့ကာ ဒုက္ခပင်လယ်ဝေကြရ တော့သည်။

ဘာပဲလုပ်လုပ် ချမှတ်ပြဋ္ဌာန်းထားသော ဥပဒေဘောင်အတွင်းက စည်းကမ်းတကျ ဆောင်ရွက်ခြင်းသည် အကောင်းဆုံးနှင့် စိတ်အချမ်းသာဆုံး ဖြစ်ပါသည်။ ယခုဆိုလျှင် မြန်မာ–ထိုင်း နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်း ဆောင်ရွက်ပေးမှုကြောင့် ထိုင်းနိုင်ငံသို့ တရားဝင် သွားရောက် အလုပ် လုပ်ကိုင်နိုင်ကြပြီ။ တရားဝင်ဖြစ်အောင် ယာယီနိုင်ငံကူးလက်မှတ် ထုတ်ပေးရေးလုပ်ငန်းကို ၆–၁၁–၂၀၀၆ရက်ကစပြီး ဆောင်ရွက်ပေးလျက်ရှိသည်။ နိုင်ငံအစိုးရအချင်းချင်း ညှိနှိုင်းမှုအရ အလုပ်သမားအသစ်များ ထိုင်းနိုင်ငံသို့ နယ်စပ်ဝင်ပေါက်များမှ အကုန်အကျသက်သာစွာ တရားဝင်သွားရောက်လုပ်ကိုင်နိုင်ရေး နည်းလမ်းများကိုလည်း စီမံဆောင်ရွက်ပေးလျက် ရှိပါသည်။

ယခင်ကာလက ထိုင်း–မြန်မာနယ်စပ်ဂိတ်များတွင် နေ့ချင်းပြန်လက်မှတ်လုပ်ကိုင်ပြီး ထိုင်းနိုင်ငံထဲ ဝင်ရောက်သွားကာ ရက်ရှည်လများ ပြန်မလာဘဲ အလုပ်လုပ်နေသူတစ်ဦးက ပြောပြသည်မှာ တရားမဝင်အလုပ်သမားဆိုပြီး ထိုင်းအလုပ်ရှင်က လုပ်အားခကို ပေးချင်သလောက်ပေးကြောင်း၊ လုပ်ငန်းခွင်ထဲမှာလည်း ကျိုးလန့်စာစားနေရကြောင်း၊ မြို့ထဲ လျှောက်မလည်ရဲကြောင်း၊ ရဲဖမ်းမှာ စိုး၍ဖြစ်ကြောင်း၊ တရားဝင်အလုပ်သမားတွေ ရနေတဲ့ အခွင့်အရေးမှန်သမျှ အကုန်ဆုံးရှုံးကြောင်း၊ ထို့ကြောင့် မြန်မာပြည်ပြန်လာကာ တရားဝင်လက်မှတ်ဖြင့် ဆက်လက်အလုပ်လုပ်သဖြင့် အဆင်ပြေကြောင်း ဆိုပါသည်။

လူကုန်ကူးမှုသည် ပြည်ပအလုပ်အကိုင်များနှင့် ဆက်စပ်လျက်ရှိရာ တရားမဝင်သွားကြလျှင် လူကုန်ကူးမှုကွန်ရက်အတွင်း အနည်းနှင့်အများ သက်ဆင်းကြရဖွယ် ရှိသည်။ ကိုယ့်နိုင်ငံအတွင်း အိမ်ဖော်လုပ်လျှင်ပင် အိမ်ရှင်က မတရားညှဉ်းပန်းနှိပ်စက်ပါက မြန်မာတိုင်းရင်းသားအချင်းချင်း ထိုကိစ္စကို လက်ပိုက်ကြည့်မနေဘဲ သက်ဆိုင်ရာနှင့် ညှိနှိုင်းဖြေရှင်းနိုင်ကြသည်။ ပြည်ပရောက်သွားပြီးမှ ထိုသို့ ခေါင်းပုံဖြတ် အနှိပ်စက်ခံနေရလျှင် ကယ်သူဝေး၍ နှစ်ချီကာ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရကြောင်း သာဓကများ အထင်အရှား ရှိနေလေပြီ။

သမီးယောက်ျား ယူသွားတာကို လူကုန်ကူးမှုနှင့် ဆက်စပ်ပူပန်ခဲ့ရရှာသော ကျွန်တော့်မိတ်ဆွေလင်မယားကို အပြစ်တင်ကဲ့ရဲ့စရာ မလိုပါ။ သူကပင် ကျွန်တော့်ကို သတိပေးပါသေးသည်။ ခင်ဗျားမှာလဲ သမီးတွေ ရှိတယ် မဟုတ်လား။ အရွယ်ရောက်လို့ အိမ်ထောင်ပြုတော့မယ်ဆိုရင် ပွင့်ပွင့်လင်းလင်းသာ အသိပေးဖို့ ကြိုပြောထားနော်ဟု ဆိုလိုက်ရာ ကျွန်တော့်အလှည့်တွင် သူ့လိုမဖြစ်ရန် ကာကွယ်တားဆီးထားရတော့မည် ဖြစ်ပါသည်။ ။

မြန်မာနိုင်ငံတွင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်အေဂျင်စီ ၇၀ကို သက်ဆိုင်ရာက အကျိုးဆောင်လိုင်စင်များ ချထားပေးပြီး နိုင်ငံပေါင်း ၁၄နိုင်ငံနှင့် ဆက်သွယ်ကာ အလုပ်အကိုင်ပေါင်း သုံးသောင်းကျော် ရှာဖွေပေးခဲ့ပြီးဖြစ်။

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းဆက်စပ်နေပြီး သွားလာရလွယ်ကူသော ထိုင်းနိုင်ငံသို့ လူပေါင်းစုံ သွားရောက်ကြကြောင်း တွေ့ရ။

မသိနားမလည်သူများသည် လူမဆန်သောပွဲစားများ၏ အကူအညီကို အားကိုး တကြီးရယူကာ သွားရောက်ကြရာတွင် ဟိုရောက်တော့ ထပ်ပြီး လူမဆန်သည့် အလုပ်ရှင်နှင့် တွေ့ကာ ဒုက္ခပင်လယ်ဝေကြရ။

မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် စွဲမြဲစွာဖြစ်တည်အောင် သင်ကြား အကျိုးရှိသောလူ့စွမ်းအားအရင်းအမြစ် ပေါ်ထွန်းအောင် ကြိုးပမ်း တက္ကသိုလ်ဝင်စာမေးပွဲကို စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ ကျင်းပ

ရန်ကုန် မတ် ၃

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲကို ဖေဖော်ဝါရီ ၂၈ရက်က အမှတ်(၃) အခြေခံပညာဦးစီးဌာန စံကားဖြူခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက မျိုးချစ်စိတ်ဓာတ်နှင့်ပြည်ထောင်စုစိတ်ဓာတ်စွဲမြဲစွာ ဖြစ်တည်အောင် သင်ကြားရေး၊ ပညာရေးစီမံခန့်ခွဲမှုလုပ်ငန်းများ အရည်အသွေး ပြည့်ဝရေး၊ တက္ကသိုလ်ဝင်စာမေးပွဲကို စည်းမျဉ်း၊ စည်းကမ်းများနှင့် အညီကျင်းပရေး၊ ကျောင်းသုံးစာအုပ်များ လက်ဆင့်ကမ်းသုံးစွဲရေး၊ ကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ နိုင်ငံတော်အတွက် အကျိုးရှိသော လူသားအရင်းအမြစ်များ ပေါ်ထွန်းလာအောင် ကြိုးပမ်းရေးတို့ကို ဆွေးနွေးမှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် မတ်၁ရက်တွင် ပုသိမ်မြို့ အမှတ် (၆) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၉) အခြေခံပညာ မူလတန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းသားကျောင်းသူများအား တွေ့ဆုံ၍ ဘာသာရပ်ဆိုင်ရာ သင်ယူ တတ်မြောက်မှုများနှင့် အထွေထွေ ဗဟုသုတများကို မေးမြန်းစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းနှင့် ပညာရေးဝန်ထမ်းများ တွေ့ဆုံပွဲကို ပုသိမ်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း ပညာရွှေရည်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ဧရာဝတီတိုင်း ပညာရေးမှူး (စီမံ) ဦးခင်မောင်ရီက တိုင်းအတွင်း အခြေခံပညာကဏ္ဍ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းက ပညာရေးဝန်ထမ်းများ အရည်အသွေး မြင့်မားရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ရင့်သန်ခိုင်မာအောင် သင်ကြားရေး၊ ဘာသာရပ် သင်ကြားမှု ကျွမ်းကျင်ရေးနှင့် အထွေထွေဗဟုသုတ ကြွယ်ဝရေးအတွက် ဆည်းပူးလေ့လာရေး၊ ပညာရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို ကျွမ်းကျင်စွာ ဆောင်ရွက်ရေး၊ ဆရာစိတ် အပြည့်အဝရှိရေးတို့ကို ဆွေးနွေးမှာကြားပြီး မြို့နယ်ပညာရေးမှူးများနှင့် ကျောင်းအုပ်ကြီးများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ ပညာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်းသည် ယမန်နေ့တွင် ပုသိမ်မြို့ရှိ ဧရာဝတီတိုင်း ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ တိုင်းပညာရေးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍ ဝန်ထမ်းများ အရည်အသွေး မြင့်မားရေး၊ စီမံခန့်ခွဲလုပ်ငန်းများ ကျွမ်းကျင်ရေး၊ စာရင်းဇယားများ တိကျမှန်ကန်ရေး၊ ရုံးလုပ်ငန်းများကို စေတနာထား ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားပြီး တိုင်းပညာရေးမှူး (စီမံ)၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းမှာကြားသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တွေ့ဆုံပွဲကို ပုသိမ်ပညာရေး ကောလိပ် ပညာရတနာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းအုပ်ကြီး ဒေါ်တင်တင်ညွန့်က သင်ကြားရေးနှင့် စီမံခန့်ခွဲရေး လုပ်ငန်းများကို ရှင်းလင်း တင်ပြသည်။

သင်ထောက်ကူပစ္စည်းအသုံးပြု

ထို့နောက် ဒုတိယဝန်ကြီးက အထွေထွေဗဟုသုတ ကြွယ်ဝအောင် လေ့လာရေး၊ မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် မွေးမြူ၍ နိုင်ငံတိုးတက်အောင်ဆောင်ရွက်ရေး၊ယုံကြည်ချက်နှင့် ခံယူချက်မြင့်မားရေး၊ ပညာရေး စိတ်ပညာနှင့် ကာယပညာ ကျွမ်းကျင်ရေး၊ အကျင့်စာရိတ္တ ကောင်းမွန်ရေး၊ ရိုးရာယဉ်ကျေးမှုနှင့်အညီ ဝတ်ဆင်ရေး၊ စည်းမျဉ်း၊ စည်းကမ်းများ လိုက်နာရေး၊ ပညာရေး စီမံခန့်ခွဲမှုလုပ်ငန်းများကို လေ့လာရေး၊ ဆရာ့ အရည်အချင်း ပြည့်ဝရေး၊ သင်ထောက်အကူ ပစ္စည်းများ အသုံးပြုရေး၊ ဆရာစိတ် အပြည့်အဝရှိရေးတို့ကို ဆွေးနွေး မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ရေအားလျှပ်စစ်စီမံကိန်းများ စစ်ဆေး လုပ်ငန်းအလိုက် စံချိန်စံညွှန်းမီ အချိန်မီပြီးစီးရေး မှာကြား

ရန်ကုန် မတ် ၃

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးဇော်မင်းသည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေနှင့် တာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ၂၇ရက်က အုတ်တွင်းမြို့အနောက်ဘက် ၁၅မိုင်ခန့်အကွာ ခပေါင်းချောင်းပေါ်၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ခပေါင်းရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ (အောက်ပုံ) စီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းက ဓာတ်အားပေးစက်ရုံ တည်ဆောက်ရန် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်တို့ကို ရှင်းလင်းတင်ပြပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။



လှည့်လည်ကြည့်ရှု

ရှင်းလင်းတင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်စွက်မှာကြားပြီး ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကိုလည်းကောင်း၊ ရေသွယ်ဥမင်လိုဏ်(အထွက်)၌ သံမဏိပိုက်လိုင်းများ အပြီးသတ် တပ်ဆင်ခြင်းလုပ်ငန်းကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ခပေါင်းရေအားလျှပ်စစ်စီမံကိန်း၌ ရေယူအဆောက်အအုံမှာ ၁၀၀ရာခိုင်နှုန်း ပြီးစီးနေပြီး ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းမှာ ၁၀၀ရာခိုင်နှုန်းနှင့် ဓာတ်အားပေးစက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းမှာ ၆၀ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်

အဆိုပါ ခပေါင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက ၁၅မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်နှစ်လုံး စုစုပေါင်း စက်တပ်ဆင်အင်အား မဂ္ဂါဝပ်၃၀မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၂၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ကွန်းချောင်း ရေအားလျှပ်စစ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဖြူးမြို့ အနောက်တောင်ဘက် ကိုးမိုင်ခန့်အကွာ ကွန်းချောင်းပေါ်တွင် တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးမော်သာထွေးက အရှည် ၁၀၂ မီတာနှင့် အချင်း ၃ ဒသမ ၂၅ မီတာရှိ ဖိအားမြှင့် ဥမင်လိုဏ် ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပုံအဆင့်ဆင့်၊ ဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဆက်လက်ဆောင်ရွက်နေသော လုပ်ငန်းများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားကာ ဖိအားမြှင့် ဥမင်လိုဏ်အတွင်း ဝင်ရောက်ကြည့်ရှု စစ်ဆေးသည်။

မှာကြား

ယင်းနောက်ဝန်ကြီးသည် တမံ၏ဝဲဘက်ကမ်း ရှုရပ်မှ ရေယူအဆောက်အအုံ၊ ရေထိန်းမျှော်စင်၊ ပင်မရေပိုက်လှိုင်၊ ကျောက်ဖြည့်တမံလုပ်ငန်း၊ ဖိအားနိမ့် သံမဏိပိုက်လိုင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို လည်းကောင်း၊ ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ တမံမြေဖို့ခြင်း လုပ်ငန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းအလိုက် တာဝန်ရှိသူများအား စံချိန်မီရေး၊ အရည်အသွေးဂရုစိုက်ရေး၊ အချိန်မီပြီးစီးရေးတို့ကို မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေသွယ်ဥမင်လိုဏ်ဖောက်လုပ်ခြင်းလုပ်ငန်းကို ဝင်ရောက်ကြည့်ရှုစစ်ဆေးရာ စီမံကိန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးငြိမ်းချမ်း၏ ရှင်းလင်းတင်ပြချက်အပေါ် ဝန်ကြီးက လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။ ယခုအခါ ၎င်းလုပ်ငန်းစီမံကိန်းတစ်ခုလုံး၏ ၅၀ရာခိုင်နှုန်း ပြီးစီးနေပြီ ဖြစ်သည်။

သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက်အတွင်းရှိ ရွှေနားပန် စေတီတော်မြတ်ကြီး၏ (၈၅)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် အောင်ပွဲအဖြစ် ပျံလွန်တော်မူသွားသော ညီတော်ဦးဥတ္တမ သာသနာ့မဏ္ဍိုင်ကျောင်း ပဓာနနာယက ဆရာတော်အားရည်စူး၍ သဃ်န်းကျွန်းမြို့နယ် ဩဝါဒါစရိယ ဆရာတော် ဘဒ္ဒန္တ ပညာဝံသ ဇမ္ဗူမဏ္ဍိုင်ကျောင်းတိုက်က ရွှေနားပန်ဘုရား ရင်ပြင်တော် အပူခံကျောက်ပြားများခင်းရန်အတွက် အလှူငွေကျပ်တစ်သိန်းကို ဂေါပကဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ထို့နောက် ဝန်ကြီးသည် စီမံကိန်းရှိ သံမဏိပိုက်လုံးစက်ရုံသို့ ဝင်ရောက်၍ စီမံကိန်းများတွင် အသုံးပြုလျက်ရှိသော သံမဏိပိုက်လုံးများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း ပြီးစီးပါက မဂ္ဂါဝပ်၂၀ အင်အားရှိ ဓာတ်အားပေးစက်သုံးလုံး တပ်ဆင်မည်ဖြစ်ရာ စုစုပေါင်း စက်တပ်ဆင် အင်အား မဂ္ဂါဝပ်၆၀မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၉၀ခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်

ထိုမှတစ်ဆင့် ဝန်ကြီးသည် ရွှေကျင်မြို့၏ အရှေ့မြောက်ဘက် ခြောက်မိုင်ခန့်အကွာ ကျောက်နဂါးကျေးရွာအနီး၌ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသော ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းသို့ရောက်ရှိရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးဝမ်ကြည်က စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေ၊ လအလိုက်ဆောင်ရွက်ရမည့်လုပ်ငန်းများ၊ လုပ်ငန်းသုံးပစ္စည်းနှင့် ယာဉ်စက်ယန္တရားများ အခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကိုးရွှေက ဖြည့်စွက်ရှင်းလင်းတင်ပြ၍ ဝန်ကြီးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ယင်းနောက်ဝန်ကြီးသည် စီမံကိန်းရှိ လုပ်ငန်းအလိုက် တာဝန်ခံအင်ဂျင်နီယာများအား အပိုင်းလိုက် လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ အသေးစိတ်မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် ရေယူအဆောက်အအုံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဖိအားမြှင့် သံမဏိပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ တမံမြေဖို့ခြင်းလုပ်ငန်း၊ ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေသားရှင်းလင်း တူးဖော်ခြင်းလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၄၈ရာခိုင်နှုန်း လုပ်ငန်းပြီးစီးနေပြီ ဖြစ်သည်။

ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက ၁၈ဒသမ၇၅ မဂ္ဂါဝပ်အင်အားရှိ ဓာတ်အားပေးစက်လေးလုံး တပ်ဆင်မည်ဖြစ်ရာ စုစုပေါင်း စက်တပ်ဆင်အင်အား ၇၅မဂ္ဂါဝပ်မှ နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၂၆၂ သန်းခန့် ထုတ်လုပ်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းသတင်း အတိုအထွာ

နွေရာသီ ယဉ်ကျေးမှုသင်တန်း

ရန်ကုန်မြို့ ဗဟန်းမြို့နယ် အမှတ် ၁၆ မဟာစည်သာသနာ့ရိပ်သာကြီး၌ (၃၇)ကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကို မတ် ၁၀ရက်မှ ဧပြီ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ရာ တက်ရောက်လိုသောသင်တန်းသားသင်တန်းသူများသည် မတ်၁၀ရက်၊ ၁၁ရက်နှင့် ၁၂ရက်များတွင် သာမဏေ၊ သီလရှင်များ သင်တန်းတက်ရောက်နိုင်ကြောင်း သိရသည်။

စာကြည့်တိုက် ရေရှည်တည်တံ့ရေး ဆွေးနွေး

မန္တလေးတိုင်း မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြဝင်းသည် ကျောက်ပန်းတောင်းမြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးစံမြို့၊ ဝန်ထမ်းများနှင့်အတူ ဖေဖော်ဝါရီ ၁၃ရက်က နှစ်ကျပ်ခွဲကျေးရွာ၊ တောင်ရင်ကျေးရွာ၊ ဆင်ပေါက်ကျေးရွာ၊ ရွာတန်းရှည် ကျေးရွာများသို့ကွင်းဆင်းပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး ဆွေးနွေးခဲ့သည်။

ကိုယ့်အားကိုယ်ကိုး ဦးသောဘန စာကြည့်တိုက်ဖွင့်

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် အိုးဘိုကျေးရွာ ဦးသောဘန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းကကျင်းပရာ ဦးသောဘန ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံသစ်ကို ခရိုင်ဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်တင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စာကြည့်တိုက်အဆောက်အအုံကို ငွေကျပ် ၁၀သိန်း အကုန်အကျခံ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ဆေးလိပ်နှင့်ဆေးရွက်ကြီးသောက်သုံးမှု ထိန်းချုပ်ရေးသင်တန်းဖွင့်

စစ်ကိုင်းတိုင်း ကသာခရိုင် ထီးချိုင့်မြို့နယ် ကျန်းမာရေးဦးစီးဌာနကကြီးမှူး၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းသောက်သုံးမှု ထိန်းချုပ်ရေး အသိပေးရှင်းလင်းပွဲနှင့် သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃၀ရက်က မြို့နယ်ပြည်သူ့ဆေးရုံ သင်တန်းခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးငွေလွင်က ဆေးလိပ်နှင့် ဆေးရွက်ကြီးမသုံးစွဲရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

အနာကြီးရောဂါကင်းစင်ရေး ဟောပြောပွဲကျင်းပ

စစ်ကိုင်းတိုင်း မုံရွာခရိုင် အရာတော်မြို့နယ် နှောင်ကြီးအိုင်ကျေးရွာတွင် ဖေဖော်ဝါရီ ၆ရက်က မြန်မာနိုင်ငံ အနာကြီးရောဂါကင်းစင်ရေး အထိမ်းအမှတ် ဟောပြောပွဲကို ကျင်းပရာ ရောဂါကုသရေးတာဝန်ခံ ဆရာမကြီး ဒေါ်မိမိခိုင်က အဖွင့်အမှာစကား ပြောကြားပြီး လက်ထောက်တာဝန်ခံ ဦးမျိုးဝေက အနာကြီးရောဂါ ဖြစ်ပွားမှုနှင့် ကင်းစင်ပပျောက်ရေးများကို ရှင်းလင်းပြောကြားခဲ့သည်။

အခြေခံမီးသတ် သင်တန်းဖွင့်

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့တွင် ဇန်နဝါရီ ၂၂ ရက်က အကြိုအခြေခံ မီးသတ်သင်တန်းဖွင့်ပွဲကို မြို့နယ်ခန်းမ၌ ကျင်းပရာ သင်တန်းဖွင့်ပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးမြတ်သူဆွေ၊ မီးသတ်ဝန်ထမ်းများနှင့် သင်တန်းသားများ တက်ရောက်ခဲ့ကြသည်။

ကျောက်တံခါးတွင် သံကူကွန်ကရစ် သစ်သားတံတားဖွင့်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ၂၀၀၆-၂၀၀၇ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအဖြစ် နိုင်ငံတော် ခွင့်ပြုငွေကျပ် ခုနစ်သိန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၂၅ သိန်းဖြင့် တည်ဆောက်သော အုတ်ခုံ သံကူကွန်ကရစ် သစ်သားတံတားဖွင့်ပွဲကို မီးတိုင်တောကျေးရွာအုပ်စု ညောင်သပြေကျေးရွာရှိ အဆိုပါ တံတားမုခ်ဦး၌ ဖေဖော်ဝါရီ ၁၂ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ် ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် ဦးစောဂျူဗလီစံလှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။

ကျွန်းလှမြို့နယ်တွင် မီးဘေးကာကွယ်ရေး စစ်ဆေး

စစ်ကိုင်းတိုင်း ကျွန်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများ မီးဘေးလုံခြုံရေးနှင့် ကြိုတင်ကာကွယ်ရေး စီမံချက်အရ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးနိုင် ကြီးကြပ်လျက် အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် ဝန်ထမ်းများ၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ဈေးအတွင်း လျှပ်စစ်မီးသုံးစွဲမှုများ၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဆိုင်များ မီးသုံးစွဲမှု စနစ်တကျ ရှိရေးအတွက် ဖေဖော်ဝါရီ ၂၂ ရက်က မြို့မဈေးအတွင်း စစ်ဆေးကြပ်မတ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ ကျင်းပမည်

မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲကို ၁၉၆၂ ခုနှစ်မှစ၍ ကျင်းပခဲ့ခြင်းဖြစ်ပြီး တစ်နိုင်ငံလုံးမှ ဓာတ်ပုံပညာရှင်၊ ဝါသနာရှင်များ စိတ်ပါဝင်စားစွာ အကြိတ်အနယ် ယှဉ်ပြိုင်ကြသည့် ဓာတ်ပုံပညာဆိုင်ရာ အဆင့်အမြင့်ဆုံးပြိုင်ပွဲ ဖြစ်သည်။ မတ် ၁၉ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၅ နာရီအထိ မြန်မာနိုင်ငံဓာတ်ပုံအသင်းခန်းမ အမှတ် ၂၇/၂၉၊ ၃၅ လမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့တွင် ကျင်းပသွားမည်ဖြစ်ရာ ဆုရဓာတ်ပုံများ၊ Slide Show များ ပြသသွားမည်ဖြစ်သည်။

ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်း သင်တန်းဖွင့်

တနင်္သာရီတိုင်း ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော ပင်လယ်လိပ်မျိုး ထိန်းသိမ်းခြင်းလုပ်ငန်းဆိုင်ရာ သင်တန်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၂၀ရက်က တိုင်းငါးလုပ်ငန်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် (၂)ဦးသာဒိုးက အမှာစကား ပြောကြားခဲ့သည်။ သင်တန်းသို့ သင်တန်းသားသင်တန်းသူ၄၃ဦးတက်ရောက်ခဲ့ကြသည်။

ရွှေညာက်ရှင် စာကြည့်တိုက် ပန္နက်တင်

မန္တလေးတိုင်း ကျောက်ဆည်မြို့နယ် ငါးမွေးကုန်းကျေးရွာ ရွှေညာဏ်ရှင် စာကြည့်တိုက် ပန္နက်တင်မင်္ဂလာအခမ်းအနားနှင့် စာအုပ်များ လှူဒါန်းခြင်း၊ ငွေပဒေသာပင် စိုက်ထူခြင်း အခမ်းအနားကို ဇန်နဝါရီ ၂၇ရက် နံနက်က အဆိုပါစာကြည့်တိုက် အဆောက်အအုံ မြေနေရာ၌ကျင်းပရာ အလှူရှင်များက စာအုပ်များနှင့် ငွေပဒေသာပင်အတွက် အလှူငွေများ ပေးအပ် လှူဒါန်းခဲ့ကြသည်။

ဝိုင်းမော်မြို့ မဈေး သန့်ရှင်းရေးဆောင်ရွက်

ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် ဈေးကြီးအတွင်းအပြင် သန့်ရှင်းသာယာစေရန်နှင့် သား၊ ငါး ရောင်းချသည့်နေရာများတွင် ယင်များ၊ အနံ့အသက်ဆိုးများ မရှိစေရန်အတွက် ဇန်နဝါရီ ၃ရက်က ဈေးသူဈေးသားများ၊ ဈေးမိဈေးဖများနှင့် ရုံးအဖွဲ့ဝန်ထမ်းများဖြင့် တက်ညီလက်ညီသန့်ရှင်းရေးစုပေါင်းဆောင်ရွက်နေခြင်းအား အမှုဆောင်အရာရှိ လက်ထောက် ညွှန်ကြားရေးမှူးဦးဝင်းနိုင်ကအနီးကပ်ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

မြန်မာနိုင်ငံ ရန်ကုန်တိုင်းအတွင်း သံသယဖြစ်ဖွယ် ကြက်ငှက်တုပ်ကွေးရောဂါဆိုင်ရာ သတိပေးနှိုးဆော်ချက်

ရန်ကုန် မတ် ၃

၁။ ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်များအတွင်း ကြက်ငှက်သေဆုံးမှုဖြစ်စဉ်များနှင့် အရေးယူဆောင်ရွက်မှုများ–

(က) **ငှက်မြေကျသေဆုံးမှု**

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၃-၃-၂၀၀၇	အင်းစိန်	ကျီးကန်း (၂)	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး ဗိုင်းရပ်စ် မတွေ့ရှိရပါ။
၃-၃-၂၀၀၇	မင်္ဂလာဒုံ	ကျီးကန်း (၁)၊ခို(၄) ကောင်	ခို(၄)ကောင်ပုပ်နေ၍ ရန်ကုန်တိရစ္ဆာန် ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွင်စစ်ဆေးနိုင်ခြင်းမရှိပါ။ ကျီးကန်း(၁)ကောင် စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး ဗိုင်းရပ်စ်မတွေ့ရှိရပါ။
၃-၃-၂၀၀၇	မရမ်းကုန်း	ကျီးကန်း (၂)ကောင်၊ ဇီးကွက် (၁)ကောင်	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး ဗိုင်းရပ်စ်မတွေ့ရှိရပါ။
၃-၃-၂၀၀၇	မင်္ဂလာတောင်ညွန့်	ကျီးကန်း (၁)ကောင်	ရန်ကုန်တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းပေးပို့စမ်းသပ်စစ်ဆေးရာ ကြက်ငှက်တုပ်ကွေးရောဂါပိုး ဗိုင်းရပ်စ်မတွေ့ရှိရပါ။
၃-၃-၂၀၀၇	စမ်းချောင်း	စာကလေး (၁)ကောင်	။

(ခ) **ကြက်/ဘဲသေဆုံးမှု**

ရက်စွဲ	မြို့နယ်	သေဆုံးမှု ကောင်ရေ	အရေးယူဆောင်ရွက်မှု
၃-၃-၂၀၀၇	အင်းစိန်	(တိုင်းရင်း ကြက်–၁၊ ဒေသဘဲ–၁)	ကြက်(၁) သွေးဝမ်းကျပိုးတွေ့ရှိ၊ ဘဲ(၁) အီကိုလိုင်နှင့် ဝမ်းကျပိုးတွေ့ရှိ၊ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိရပါ။

၂။ ဖြစ်စဉ်ပေါ်သုံးသပ်ချက်

(က) ရန်ကုန်တိုင်း မြို့နယ်များရှိ စီးပွားဖြစ် ကြက်ခြံများတွင် (၃-၃-၂၀၀၇)ရက်နေ့တွင် ထူးခြားစွာ ကြက်သေဆုံးမှု မရှိပါ။ ဒေသငှက် တိရစ္ဆာန်များဖြစ်သော ကျီးကန်း၊ ဇီးကွက်၊ ခို၊ စာကလေးအချို့ မြေကျသေဆုံးမှု ရှိခဲ့ပြီး ရောဂါရှာဖွေစစ်ဆေးမှုအရ ကြက်ငှက်တုပ်ကွေးရောဂါပိုး မတွေ့ရှိပါ။

(ခ) ရန်ကုန်တိုင်း မြို့နယ်များရှိ ကြက်မွေးမြူရေးခြံများ၊ ရောဂါသံသယရှိ၍ သုတ်သင်ဖျက်ဆီးခဲ့သော ခြံများတွင် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်း (Disinfection)ကို ဆောင်ရွက်ခဲ့ရာ၌ အသုံးပြု ပိုးသတ်ဆေးများအနေဖြင့် လူတွင် အန္တရာယ်ဖြစ်စေခြင်း မရှိသော်လည်း ငှက်တိရစ္ဆာန်များ ပိုးသတ်ဆေးရည် ပက်ဖျန်းထားသော အကြွင်းအကျန်ရေများသောက်သုံးမိပါက မြေသို့ကျရောက်မှုများ ရှိနိုင်ပါကြောင်း သုံးသပ်ရရှိသည်။

၃။ တိရစ္ဆာန်ကျန်းမာရေးသတိရှိရေး

(က) ခွေး/ကြောင် မွေးမြူသူများအနေဖြင့် မိမိအိမ်၌ ကြက်၊ ငှက်၊ ကျီးကန်း၊စာကလေး၊ ခိုနှင့် ငှက်ရိုင်းများသေဆုံးပါက ခွေး/ကြောင်များ မစားမိစေရေး စီမံဆောင်ရွက်ရန်၊

(ခ) ကြက်မွေးမြူသူများအနေဖြင့် ရောဂါကြိုတင်ကာကွယ်တားဆီးရေး အစီအစဉ်အရ မွေးမြူရေးခြံများတွင် ပိုးသတ်ဆေး (Disinfectant)များကို သုံးစွဲရာတွင် အထွေထွေ ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းအတွက် ရေတွင် ဝဒသမ၅ရာခိုင်နှုန်း အချိုးအစားဖြင့် ရောနှောပြီး ဆေးဖျန်းရန်နှင့် ရောဂါကျရောက်ပါက ဗိုင်းရပ်စ်ပိုးသေစေရန်အတွက် ရေတွင် ၂ရာခိုင်နှုန်း အချိုးအစားဖြင့် ရောနှောပြီး ဆေးညွှန်းနှင့်အညီ ဆေးဖျန်းရန်၊ ပိုးသတ်ဆေးအပြင်းစား(Concentrate)ကို တိုက်ရိုက်သုံးစွဲခြင်းမပြုရန်။

၄။ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် ကြက်၊ ဘဲ၊ ငုံးမွေးမြူထုတ်လုပ်သူ၊ ပြုပြင်သယ်ဆောင် ရောင်းချသူများအနေဖြင့် ရောဂါကာကွယ်တားဆီးထိန်းချုပ်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန။

ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြန်မာလူငယ်က ဖိလစ်ပိုင်လူငယ်အသင်းကို ခြေစွမ်းပြ ဂိုးပြတ်အနိုင်ရရှိ

ရန်ကုန် မတ် ၃

၂၀၀၇ခုနှစ် တတိယအကြိမ် ဘရူနိုင်းဘုရင့်ဖလား အသက်(၂၁)နှစ်အောက် လူငယ်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ Hassanal Bolkiah Trophy for U-21 ASEAN Youth Football Championship 2007 ကို ယနေ့ ဒေသစံတော်ချိန် ညနေ၄နာရီတွင် ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီဘီဂါဝမ်မြို့ Berakas Sports Complex၌ စတင်ကျင်းပရာ မြန်မာလူငယ်လက်ရွေးစင်ဘောလုံးအသင်းက ပွဲဦးထွက်ဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။

ကိုးဂိုး–တစ်ဂိုး

ပြိုင်ပွဲ၏(ခ)အုပ်စုမှ မြန်မာလူငယ်ဘောလုံးအသင်းနှင့် ဖိလစ်ပိုင်လူငယ်ဘောလုံးအသင်းတို့ ပွဲဦးထွက်ပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားကြရာ မြန်မာလူငယ်ဘောလုံးအသင်းက ကိုးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

မြန်မာလူငယ် ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း ၃ မိနစ်တွင် လှအေးထွေးက ပထမဂိုးနှင့် ၁၂ မိနစ်တွင် လှအေးထွေးကပင် ဒုတိယဂိုးကိုလည်းကောင်း၊ ၂၅ မိနစ်တွင်စည်သူသန်းက တတိယဂိုးနှင့် ၃၂ မိနစ်တွင် ထူးကျော်က စတုတ္ထဂိုးကိုလည်းကောင်း အသီးသီးသွင်းယူကြပြီး ပထမပိုင်းအပြီးတွင် မြန်မာလူငယ်ဘောလုံးအသင်းက လေးဂိုး–ဂိုးမရှိဖြင့် ဦးဆောင်ကစားလျက်ရှိသည်။

ဒုတိယပိုင်းပြန်လည် ကစားရာပွဲချိန် ၄၇မိနစ်တွင် ဖိလစ်ပိုင်လူငယ်ဘောလုံးအသင်းမှ ချေပဂိုး တစ်ဂိုးပြန်လည်သွင်းယူနိုင်ခဲ့သည်။

အနိုင်ရရှိ

ပွဲချိန် မိနစ်၆၀တွင် မြန်မာလူငယ်ဘောလုံးအသင်းမှ ရာဇာဝင်းသိန်းက ပဉ္စမဂိုးကိုလည်းကောင်း၊ ၆၅ မိနစ်တွင် စည်သူသန်းက ဆဋ္ဌမဂိုး၊ ၇၂ မိနစ်တွင် ဇော်ထက်အောင်က သတ္တမဂိုး၊ ၈၆ မိနစ်တွင် ပြည့်ဖြိုးဦးက အဋ္ဌမဂိုးနှင့် ပွဲကစားချိန်မိနစ် ၉၀ တွင် ရဲဝေယံစိုးက နဝမဂိုးကိုလည်းကောင်း အသီးသီးသွင်းယူခဲ့ပြီး ပြိုင်ပွဲအပြီးတွင် မြန်မာလူငယ်ဘောလုံးအသင်းက ကိုးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

ကမ္ဘောဒီးယားနှင့်ပြိုင်မည်

မတ် ၅ ရက် ဒေသစံတော်ချိန် ည ၈နာရီတွင် (ခ)အုပ်စု ဒုတိယပွဲစဉ်အဖြစ် မြန်မာလူငယ်ဘောလုံးအသင်းနှင့် ကမ္ဘောဒီးယားလူငယ်ဘောလုံးအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကံကောင်းခြင်းလက်ဆောင် မန်ယူတို့ရနေ အိုရှီးယား၏လေလွင့်ချိန်ဂိုးဖြင့် နိုင်ပွဲဆက်

သတင်းမြင်ကွင်း
မြင့်စိုး

လန်ဒန် မတ် ၃

ပရီမီယာလိဂ်ပွဲစဉ်(၂၉)ဘောလုံးပြိုင်ပွဲများကို မတ်၃ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ အမှတ်ပေးဇယားတွင် ဦးဆောင်နေသော မန်ယူတို့ လီဗာပူး၏ အင်န်ဖီးလ်ကွင်း၌ တစ်ဂိုးတည်းသွင်းယူပြီး ကံကောင်းခြင်းများစွာဖြင့် အနိုင်ရရှိလိုက်သည်။

မန်ယူအတွက် တစ်လုံးတည်းသော အနိုင်ဂိုး သွင်းယူပြီး အောင်ပွဲခံနေသော အိုရှီးယား(ဝဲ)အား နောက်တန်းလူ ဖာဒီနန်နှင့်အတူ ဤသို့တွေ့ရသည်။
(ဓာတ်ပုံ–အင်တာနက်)

ဂိုးပေါက်လွဲချော်

အိမ်ရှင် လီဗာပူးအသင်းသည် ပထမပိုင်းတွင် မန်ယူနောက်တန်းကို အကြိမ်ကြိမ်ထိုးဖောက်ကစားနိုင်ခဲ့သော်လည်း မန်ယူခံစစ်ကို မကျော်လွှားနိုင်၍ ဂိုးပေါက်လွဲချော်မှုများ ကြုံခဲ့ရသည်။

ဒုတိယပိုင်းပြန်စချိန်တွင် နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက် ကစားခဲ့သော်လည်း တစ်ဖက်နှင့် တစ်ဖက်ဂိုးမသွင်းနိုင်ခဲ့ကြ၍ မိနစ်၆၀ကျော်တွင် နှစ်ဖက်စလုံးမှ သုံးဦးစီ လူလဲကစားခဲ့ရသည်ကို တွေ့ရသည်။

လီဗာပူးဘက်တွင် ဂွန်ဇာလက်ဇ်အစား အော်ရီလီယို၊ ဘယ်လာမီအစား ပင်နန့်၊ ဆစ်ဆိုကိုအစား ပီတာခရောက်ချ် ဝင်ကစားသည်။

ထို့အတူ မန်ယူဘက်တွင် အယ်ဗရာအစား ဆေးလ်ဗက်စတား၊ လာဆင်အစား ဆာဟာ၊ ရွန်နေအစား အိုရှီးယားတို့ ဝင်ကစားခဲ့ကြသည်။

အနီကတ်

ပွဲချိန် ၈၆မိနစ်တွင် လီဗာပူးကွင်းလယ် ကစားသမား အလွန်ဆိုနှင့် မန်ယူကွင်းလယ်ကစားသမား ပေါလ်စခိုးတို့ အချင်းများ၍ ကွင်းလယ်ဒိုင်လူကြီးက ပေါလ်စခိုးအား အနီကတ်ပြ၍ ထုတ်ပယ်လိုက်သည်။

ထိုအချိန်တွင် လီဗာပူးတို့ အခွင့်အလမ်းပို၍ကောင်းလာပြီး တိုက်စစ်အရှိန်မြှင့်ကစားခဲ့ရာ ပီတာခရောက်ချ်သွင်းယူသည့်ဘောလုံးကို မန်ယူဂိုးသမား ဗန်ဒါဆာ ကာကွယ်ပေးနိုင်ခဲ့သည်။ နှစ်သင်းစလုံး အကြိတ်အနယ်ယှဉ်ပြိုင် ကစားခဲ့ကြသော်လည်း ပွဲချိန်မိနစ် ၉၀ အထိ ဂိုးမသွင်းနိုင်ခဲ့ကြပေ။ သို့သော်လည်း လေလွင့်ချိန်တွင် လီဗာပူးကစားသမား ပင်နန့်က ရိုင်ယန်ဂစ်အား ကြမ်းတမ်းစွာ ကစားခဲ့၍ မန်ယူတို့ တည်ကန်ဘောရခဲ့သည်။ ၎င်းတည်ကန်ဘောကို စီရိုနယ်ဒိုဝဲတောင်ပံမှ ကန်သွင်းရာ၌ ပြန်ထွက်ဘောကို အိုရှီးယားက လီဗာပူးပယ်နယ်တီဧရိယာ၁၂ကိုက် အကွာမှ ညာခြေဖြင့် အပိုင်ကန်သွင်းယူလိုက်သည်။ ထိုအချိန်တွင်မန်ယူပရိသတ်များ ပျော်ရွှင်ကြည်နူးမှုရသပြည့်လျှမ်းစွာ ခံစားနိုင်ခဲ့သည်။

အခြားပွဲရလဒ်များ

အာဆင်နယ်	၂ – ၁	ရက်ဒင်း
ဖူလ်ဟမ်	၁ – ၁	အက်စ်တွန်ဗီလာ
မန်စီးတီး	၀ – ၁	ဝီဂန်
နယူးကာဆယ်	၀ – ၀	မစ်ဒယ်ဘရော့
ရှက်ဖီး	၁ – ၁	အဲဗာတန်
ဝက်ဖို့ဒ်	၂ – ၂	ချာလ်တန်။

(အင်တာနက်)

မြန်မာ့အလင်း **အင်တာနက် ဖောင်ပိတ်သတင်း**

အင်ဒိုနီးရှား၌မြေပြိုမှုဖြစ် အနည်းဆုံးလူ၄၀သေဆုံး၊ အများအပြားပျောက်ဆုံးနေ

ဖလောရက်စ် (အင်ဒိုနီးရှား) မတ် ၃

အင်ဒိုနီးရှားနိုင်ငံ ဖလောရက်စ်ကျွန်းတွင် မတ်၃ရက်က မြေပြိုမှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ၄၀သေဆုံးပြီး အများအပြားပျောက်ဆုံးနေကြောင်း မတ်၃ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။ (ယာပုံ)

နူဆာတန်ဂါရာပြည်နယ် အရှေ့ပိုင်းတွင် နေအိမ်ဒါဇင်ပေါင်းများစွာ ရေစီးတွင် မျောပါသွားကြောင်း၊ ယင်းဒေသ၏ အဓိကမြို့ဖြစ်သော ရူတန်မြို့သို့သွားရာလမ်းမှာလည်း ပျက်စီးသွားကြောင်း သတင်း၌ဖော်ပြသည်။

ထို့အပြင် စီဘယ်အရပ်တွင်လည်း တောင်ပြိုခဲ့ရာ အနည်းဆုံးလူ ၂၀ ရွှံ့များ ဖုံးလွှမ်းသေဆုံးနေရာမှ ကယ်ဆယ်ရေးသမားများက ဆွဲထုတ်ခဲ့ရကြောင်း၊ မိုးသည်းထန်စွာရွာသွန်းခဲ့၍ အဆိုပါပြည်နယ်ရှိ တောင်တန်းဒေသ ခရိုင်ခြောက်ခုဘေးအန္တရာယ်ကြုံတွေ့ခဲ့ရကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့မှာ လမ်းများ မြေပြိုပိတ်ဆို့နေသဖြင့် စက်ကြီးများဖြင့် မသွားနိုင်ဘဲ လူအားဖြင့် မြေကြီးများကို တူးဖော်ကယ်ဆယ်နေကြရကြောင်း ဒေသဆိုင်ရာ သဘာဝဘေးအန္တရာယ်စီမံကိန်းရုံးမှ တာဝန်ရှိသူ ယို့စ်နိုနိုက ပြောကြားသည်။ (အင်တာနက်)

4-3 (12) 1 3/4/07, 2:18 PM

ကမ္ဘာ့တစ်လွှား အားကစား

အာဖရိက အကောင်းဆုံးဘောလုံးသမား ဒရော့ဘာ

ကိုးကားတင်ပြသူ မြင့်မောင်စိုး

လန်ဒန် မတ် ၃

ချယ်လ်ဆီးနှင့် အိုင်ဗရီကို့စ်တိုက်စစ်မှူး ဒီဒီယာဒရော့ဘာသည် ၂၀၀၆ခုနှစ်အတွက် အာဖရိက အကောင်းဆုံး ဘောလုံးသမားဆုကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်သည်။



အကောင်းဆုံးဘောလုံးသမား

အာဖရိက အကောင်းဆုံးဘောလုံးသမားဆုရ ဒရော့ဘာအား ရိုးရာဝတ်စုံဝတ်ဆင်လျက် ဆုတံဆိပ်နှင့် အတူ ဤသို့တွေ့ရသည်။
(ဓာတ်ပုံ-အင်တာနက်)

ယင်းဆုသည် ဒရော့ဘာ၏ ပထမဆုံးသော ဆုဖြစ်သည်။ ဘာစီလိုနာမှ ကင်မရွန်းတိုက်စစ်မှူး အီတူးသည် လေးကြိမ်ဆက်တိုက် အာဖရိက၏ အကောင်းဆုံး ဘောလုံးသမားဆု ဆွတ်ခူးရန် မအောင်မြင်ဖြစ်ခဲ့ကာ ဒုတိယဆုဖြင့်သာ ကျေနပ်လိုက်ရသည်။ ချယ်လ်ဆီး ကွင်းလယ်ဖန်တီးရှင် မိုက်ကယ်အက်ဆီယန်မှာလည်း တတိယဆုသာ ချိတ်နိုင်ခဲ့သည်။

ပို့ပေးနိုင်

အသက် ၂၈နှစ်ရှိ ဒရော့ဘာသည် ယင်း၏နိုင်ငံ အိုင်ဗရီကို့စ်အသင်းကို ၂၀၀၆ အာဖရိကဖလား ဖိုင်နယ်ပွဲသို့ ပို့ပေးနိုင်ခဲ့သလို ကမ္ဘာ့ဖလားတွင်လည်း အသင်းခေါင်းဆောင်အဖြစ် ပါဝင်ကစားခဲ့သည့် ထူးချွန်ပြောင်မြောက်သည့် တိုက်စစ်မှူးကောင်း တစ်ဦးဖြစ်သည်။ ထို့အပြင် ချယ်လ်ဆီးအသင်းကို ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်အောင်လည်း အဓိကအဆုံးအဖြတ်ဂိုးများ သွင်းယူပေးနိုင်ခဲ့သည်။

သွင်းယူ

ဒရော့ဘာသည် မကြာမီက ချယ်လ်ဆီးအသင်းတို့ အာဆင်နယ်အသင်းကို ကားလင်းဖလား ဖိုင်နယ်ပွဲတွင် နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိရာ၌ ချေပဂိုးနှင့် အနိုင်ဂိုးကို သွင်းယူပေးနိုင်ခဲ့သူဖြစ်သည်။

ရွေးချယ်

ဒရော့ဘာအား အာဖရိကတိုက်ရှိ လက်ရွေးစင်ဘောလုံးအသင်း ၅၃ သင်းမှ နည်းပြများက မဲပေးရွေးချယ်ခဲ့ရာ ၇၉ မဲဖြင့် ၂၀၀၆ ခုနှစ်အတွက် အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်ခဲ့သည်။ သို့ရာတွင် အီတူးက ၇၄ မဲဖြင့် ဒုတိယရပြီး အက်ဆီယန်က ၃၆ မဲဖြင့် တတိယဆုသာရခဲ့သည်။

သမိုင်းကြောင်း

ထိုသို့ အောင်မြင်ကျော်ကြားလာသည့် ဒရော့ဘာ၏ ကိုယ်ရေးသမိုင်းကြောင်းများကို ဘောလုံးပရိသတ်များစိတ်ဝင်စားကြပေလိမ့်မည်။ ထို့ကြောင့် တိုက်စစ်မှူး ဒရော့ဘာ၏ ဘောလုံးဘဝ ဓာတ်ခုံပေါ်မှ ဓာတ်စုံအကြောင်း တင်ပြရသော်...။

ဒရော့ဘာအား အိုင်ဗရီကို့စ် ပင်လယ်ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သော အဘစ်ဂျန်တွင် ၁၉၇၈ ခုနှစ် မတ် ၁၁ ရက်တွင် မွေးဖွားခဲ့ပြီး အရပ် ခြောက်ပေ နှစ်လက်မရှိသည်။

စတင်ကစား

၎င်းသည် ၁၉၈၃ခုနှစ်က ပြင်သစ်ဘောလုံးလောကသို့ စတင်ရောက်ရှိလာသည်။ ထိုစဉ်က ၎င်းသည် ပြင်သစ်ဒုတိယတန်းတွင် ကစားနေသော ဦးလေးဖြစ်သူ မိုက်ကယ်ဂိုဘာနှင့်အတူ နေထိုင်ခဲ့သည်။ သို့သော်လည်း ဒရော့ဘာသည် ထိုစဉ်က ဘောလုံးကို အချိန်ပြည့် အပြင်းအထန်ကြိုးစားခဲ့ပြီး ၎င်း၏ဘောလုံးသမားဘဝကို ဒန်ကတ် ဘောလုံးအသင်း ညာနောက်တန်းတွင် စတင်ကစားခဲ့သည်။

ရောက်ရှိ

၁၉၉၄ခုနှစ်တွင် ၎င်းသည် လီဗယ်လွိုက်စ်အသင်းသို့ ရောက်ရှိလာသည်။ ယင်းနောက် ၁၉၉၇ခုနှစ်တွင် ပြင်သစ် ပထမတန်းအသင်းတစ်သင်းဖြစ်သော ဂူရင်ဂမ့်အသင်းက ခေါ်ယူကစားခဲ့သည်။ ဒရော့ဘာ၏ ခြေစွမ်းပြ ကစားနိုင်မှုကြောင့် ထိုအချိန်က ပြင်သစ် အသင်းကြီးများဖြစ်ကြသည့် ပါရီဆိန့်ဂျာမိန်းအသင်းနှင့် မိုနာကိုအသင်းများက ခေါ်ယူရန် စိတ်ဝင်စားသည့် ဘောလုံးသမားတစ်ဦး ဖြစ်လာသည်။

ခေါ်ယူကစားခဲ့

ဒရော့ဘာသည် အဆိုပါအသင်းမှ ၎င်း၏ဖခင် နည်းပြလုပ်သော လမွန်းအသင်းသို့ ပြောင်းရွှေ့ ကစားခဲ့ပြန်သည်။ သို့သော်လည်း ဒရော့ဘာ၏ ဖခင် ဝက်စတာလော့ပီ နည်းပြအဖြစ်မှ အလုပ်ဖြုတ် ခံလိုက်ရ၍ ဒရော့ဘာ မျက်နှာသာမရ ဖြစ်ခဲ့ရပြန်သည်။ ၎င်းသည် ၂၀၀၁ခုနှစ်တွင် ဂူရင်ဂမ့်အသင်းသို့ ပြန်လာခဲ့ပြီး ၂၀၀၂-၂၀၀၃ ရာသီတွင် အရည်အချင်း ပြည့်ဝသော ဘောလုံးသမား တစ်ဦးဖြစ်လာပြီး အသင်းအတွက် ၁၇ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သည်။ ထိုသို့ ဂိုးသွင်းကောင်းနေသည့် သတင်းကြောင့် အိုင်ဗရီကို့စ် လက်ရွေးစင် အသင်းကလည်း ဒရော့ဘာအား ခေါ်ယူကစားခဲ့သည်။

ငါးဂိုးသွင်းပေး

ထိုအချိန်က ပေါ်တိုအသင်းနည်းပြလုပ်နေသော ဂျို့စ်မော်ရင်ဟိုက ၂၀၀၂ ခုနှစ် နွေရာသီတွင် ခေါ်ယူစာချုပ်ရန် ကြိုးစားခဲ့ကြောင်း သိရသည်။ သို့ရာတွင် ၂၀၀၃ ခုနှစ် နွေရာသီတွင် မာဆေးအသင်းက ပေါင်၃ဒသမ၃သန်းဖြင့် ခေါ်ယူလိုက်သည်။ ထိုအချိန်က မာဆေးအသင်း ချန်ပီယံလိဂ်အုပ်စုအဆင့်မှ ထွက်ခဲ့ရသော်လည်း ဒရော့ဘာက မာဆေးအတွက် ချန်ပီယံလိဂ်ဂိုး ငါးဂိုးသွင်းယူပေးနိုင်ခဲ့သည်။

အကောင်းဆုံးဖြစ်

ဒရော့ဘာသည် ပြင်သစ်ပထမတန်း မာဆေးတွင် ၂၀၀၃-၂၀၀၄ ရာသီ၌ ၃၅ ပွဲ ပါဝင်ကစားပြီး ၁၉ ဂိုးသွင်း ယူပေးနိုင်ခဲ့၍ ပြင်သစ်တွင် အကောင်းဆုံး ဘောလုံးသမားတစ်ဦး ဖြစ်လာခဲ့သည်။

၎င်းသည် မာဆေးတွင် တစ်ရာသီသာကစားပေးခဲ့ပြီးနောက် ဥရောပအသင်းကြီးများက ခေါ်ယူရန် မျက်စိကျလာသည်။ ထိုစဉ်က ဂျူဗင်းတပ်စ်၏ ကမ်းလှမ်းချက်ကို ပယ်ချလိုက်ပြီး ချယ်လ်ဆီးသို့ ခြေဦးလှည့်ခဲ့သည်။

ထိန်းသိမ်းမှု

ပေါ်တိုအသင်းနှင့် ချန်ပီယံလိဂ် ကစားရာတွင် ဆံပင်ပုံစံအသစ်ဖြင့် ဒရော့ဘာက ဘောထိန်းသိမ်းမှု ပြကွက်တစ်ကွက်ကို ဤသို့ ပြသခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)



ဒရော့ဘာအား နည်းပြသစ်မော်ရင်ဟိုက ပေါင် ၂၄ သန်းဖြင့် ခေါ်ယူလိုက်ပြီး သုံးနှစ်စာချုပ်ချုပ်ဆိုခဲ့သည်။ ထိုစဉ်က အင်္ဂလန်တွင် ပြောင်းရွှေ့ကြေး အများဆုံး ဖြစ်သည်။

သွင်းယူပေးနိုင်

ဒရော့ဘာသည် အားကောင်းသော တိုက်စစ်မှူးဖြစ်ပြီး မည်သည့်အသင်း နောက်တန်းကိုမဆို ကောင်းကောင်း ဒုက္ခပေးနိုင်သူ ဖြစ်သည်။ ၂၀၀၄-၂၀၀၅ ပရီမီယာလိဂ်အဖွင့်ပွဲစဉ်တွင် ချယ်လ်ဆီးက မန်ယူကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိရာတွင် ဒရော့ဘာသွင်းယူပေးခဲ့ခြင်းဖြစ်သည်။ ထိုရာသီတွင် ချယ်လ်ဆီးအတွက် ၁၆ ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ပရီမီယာလိဂ်

၂၀၀၅-၂၀၀၆ ဘောလုံး ရာသီတွင် ၎င်းသည် ချယ်လ်ဆီးအသင်းအတွက် ချန်ပီယံလိဂ်တွင် တစ်ဂိုး၊ ပရီမီယာလိဂ်တွင် ၁၂ ဂိုး၊ အက်ဖ်အေဖလားပြိုင်ပွဲတွင် တစ်ဂိုးနှင့် ကွန်မြူနတီဒိုင်းပြိုင်ပွဲတွင် နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

ယခု ၂၀၀၆-၂၀၀၇ ဘောလုံးရာသီ၌ ချန်ပီယံလိဂ်တွင် ငါးဂိုး၊ ပရီမီယာလိဂ်တွင် ၁၇ ဂိုး၊ အက်ဖ်အေဖလားတွင် နှစ်ဂိုး၊ ကားလင်းဖလားတွင် လေးဂိုး သွင်းယူပေးနိုင်ခဲ့သည်။

အပြိုင်ဖြစ်ခဲ့

၂၀၀၅-၂၀၀၆ ဘောလုံးရာသီတွင် ဟာနန်ခရက်စပိုနှင့် ဒါမီယန်ဒပ်ဖ်ချယ်လ်ဆီးမှ ထွက်ခွာသွားချိန်တွင် ဒရော့ဘာပို၍ နေရာရလာပြီး ပေါင်သန်း ၃၀တန် ရှက်ဗ်ချင်ကိုနှင့် အပြိုင်ဖြစ်ခဲ့သည်။

ထပ်မံစာချုပ်ခဲ့

ဒရော့ဘာ၏ ဂိုးသွင်းစွမ်းရည်များကြောင့် ရှက်ဗ်ချင်ကို အရန်ခုံတွင် ထိုင်ခဲ့ရသည်။ ထို့အပြင် မော်ရင်ဟိုက ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် ဒရော့ဘာအား လေးနှစ် ထပ်မံစာချုပ်ခဲ့သည်။

ပါဝင်

ဒရော့ဘာသည် ပရီမီယာလိဂ်တွင် ကြောက်စရာအကောင်းဆုံး တိုက်စစ်မှူးများတွင် တစ်ဦးအပါအဝင်ဖြစ်သည်။ အာဆင်နယ်နှင့် ကစားခဲ့သည့် ကားလင်းဖလားပြိုင်ပွဲတွင် နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့ပြီး ယင်းဂိုးများမှာ ချယ်လ်ဆီးအသင်းအတွက် ယခုနှစ်ရာသီတွင် ၂၈ဂိုးမြောက်သွင်းယူခဲ့သည်။

ထိုသို့သော ဂိုးသွင်းစွမ်းရည်ထက်မြက်မှုများကြောင့်လည်း အာဖရိက လက်ရွေးစင်ဘောလုံး အသင်းနည်းပြများက ဒရော့ဘာအား အာဖရိက၏ အကောင်းဆုံးဘောလုံးသမားအဖြစ် ရွေးချယ်လိုက်ခြင်း ဖြစ်သကဲ့သို့ နောင်လာမည့် ပွဲစဉ်များတွင်လည်း ဒရော့ဘာ၏ခြေစွမ်းကို ဘောလုံးပရိသတ်များ စောင့်ကြည့်ရန် အကောင်းဆုံး တိုက်စစ်မှူးဖြစ်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ။

(ကိုးကား-အင်တာနက်သတင်းများ)

ရိုင်ယန်ဂစ် မန်ယူ၌ ၂၀၁၀ ပြည့်နှစ်အထိရှိမည်

စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ

လန်ဒန် မတ် ၃

မန်ချက်စတာ ယူနိုက်တက် တောင်ပံတိုက်စစ်မှူး ရိုင်ယန်ဂစ်သည် လာမည့် ၂၀၁၀ ပြည့်နှစ် အထိ မန်ယူတွင် ဆက်လက်ကစားနိုင်မည်ဖြစ်ကြောင်း မန်ယူလက်ထောက် မန်နေဂျာ ကားလို့စ်ကွီရော့ဇ်က ပြောကြားသည်။

ရိုင်ယန်ဂစ်

မန်ချက် စတာ ယူနိုက်တက် တောင်ပံတိုက်စစ်မှူးရိုင်ယန်ဂစ်။
(ဓာတ်ပုံ-အင်တာနက်)

မသေချာ

အသက် ၃၃ နှစ်အရွယ်ရှိ ရိုင်ယန်ဂစ်က ၂၀၀၈ ခုနှစ်အထိ မန်ယူနှင့် စာချုပ် ချုပ်ဆိုထားပြီး ထိုနှစ်နောက်ပိုင်း မန်ယူ၌ ဆက်လက်ကစားမည်၊ မကစားမည်မှာ မသေချာကြောင်း ပြောကြားခဲ့သည်။

ကစားနိုင်

လီဗာပူးနှင့် မန်ယူတို့ပွဲသည် မန်ယူအတွက် ရိုင်ယန်ဂစ်၏ ၇၀၀ မြောက်ပွဲဖြစ်သည်။ ရိုင်ယန်ဂစ်အနေဖြင့် ပြဿနာတစ်စုံတစ်ရာမရှိလျှင် နောက်ထပ်နှစ်နှစ် သို့မဟုတ် သုံးနှစ်အထိ စာချုပ် ချုပ်ဆို ကစားနိုင်မည်ဖြစ်ကြောင်း မန်ယူလက်ထောက်မန်နေဂျာ ကားလို့စ်ကွီရော့ဇ်က ပြောကြားသည်။

ရိုင်ယန်ဂစ်သည် မန်ယူကလပ်တွင် ကစားခဲ့သည်မှာ ၁၆ နှစ်ရှိခဲ့ပြီး ဖြစ်သည်။ **(အင်တာနက်)**

ဘလက်ဘန်းတိုက်စစ်မှူး ဂျဖားအား အိစ်ဆွစ်တောင်းအသင်းသို့ အငှားချ



အိစ်ဆွစ်တောင်းအသင်းသို့ ပြောင်းရွှေ့ကစားမည့် ဂျဖား။
(ဓာတ်ပုံ-အင်တာနက်)

လန်ဒန် မတ် ၃

အိစ်ဆွစ်တောင်းအသင်းသည် ဘလက်ဘန်းတိုက်စစ်မှူး ဖရန်စစ်ဂျဖားအား အငှားစာချုပ်တစ်ရပ်ဖြင့် ခေါ်ယူလိုက်ပြီဖြစ်သည်။

အသက် ၂၆နှစ်အရွယ်ရှိ ဂျဖားသည် ၂၀၀၁ခုနှစ်၌ အဲဗာတန်မှ အာဆင်နယ်ကလပ်သို့ ပေါင်ရှစ်သန်းဖြင့် ပြောင်းရွှေ့ ကစားခဲ့သူဖြစ်သည်။ ထို့အတူ ၂၀၀၄ခုနှစ်တွင် အာဆင်နယ်မှ ပေါင် ၂ ဒသမ ၆သန်းဖြင့် ချာလ်တန်သို့ ပြောင်းခဲ့ပြီးနောက် ဘလက်ဘန်းကလပ်သို့ ထပ်မံပြောင်းရွှေ့ခဲ့ခြင်း ဖြစ်သည်။

ဂျဖား၏ကစားနိုင်မှုစွမ်းရည်သည် အင်္ဂလန်၌ အဆင့်မြင့်ကစားသမားတစ်ဦး၏ အနေအထားရှိကြောင်း၊ အချို့သော ပေါင် ၁၀သန်းကျော်တန်သည့် ကစားသမားများထက် ပိုကောင်းသော ဘောလုံးသမားဖြစ်ကြောင်း အိစ်ဆွစ်တောင်းအသင်းက ပြောကြားသည်။

ဂျဖားသည် အင်္ဂလန်လက်ရွေးစင်အဖြစ် ၂၀၀၃ခုနှစ်က ဩစတြေးလျအသင်းနှင့် ကစားခဲ့ရာတွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ **(အင်တာနက်)**

ဆိုးလ်ရှား ဒူးခေါင်းခွဲစိတ်မှုကြောင့် တစ်လခန့်နားရမည်

လန်ဒန် မတ် ၃

မန်ယူတိုက်စစ်မှူး ဆိုးလ်ရှားသည် ဒူးခေါင်းဒဏ်ရာ ခွဲစိတ်ကုသမှုခံယူရသဖြင့် တစ်လခန့် အနားယူရမည်ဖြစ်ကြောင်း မန်ယူကလပ်က သတင်းထုတ်ပြန်သည်။

အသက် ၃၄ နှစ်အရွယ်ရှိ နော်ဝေတိုက်စစ်မှူးနှင့် မန်ယူတိုက်စစ်မှူး ဆိုးလ်ရှားသည် အက်ဖ်အေဖလား ပဉ္စမအဆင့် ပြန်ကန်ပွဲ၌ ရက်ဒင်းကို သုံးဂိုး-နှစ်ဂိုးနှင့် အနိုင်ရရှိခဲ့သည့်ပွဲ၌ ဒဏ်ရာရရှိခဲ့ခြင်း ဖြစ်သည်။

မကစားနိုင်

ဆိုးလ်ရှားသည် ယခင်ကလည်း ဒူးခေါင်းဒဏ်ရာကြောင့် နှစ်နှစ်ခန့် ဘောလုံး မကစားရဘဲ ဖြစ်ခဲ့ရသည်။ ဆိုးလ်ရှားသည် ယခုနှစ် ဘောလုံးရာသီ၌ မန်ယူအတွက် စုစုပေါင်း ၁၀ဂိုး သွင်းပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅-၂-၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀ိ/-နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်-

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး - ၀၆၇-၄၁၄၅၈၂၊
စီမံရေးရာဌာန - ၀၆၇-၄၁၄၂၈၉။

အရှင်ကောဏ္ဍည(သာသနာ့တက္ကသိုလ်)

ပြောင့်မတ်မှန်ကန်သောအတွေးများ

ဖြန့်ချိရေး-
ရာပြည့်စာအုပ်ဆိုင် ၃၅လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊
တင်တင်အေး ပိဋကတ်စာအုပ်ဆိုင်
ရွှေတိဂုံတောင်ဘက်စောင်းတန်း။



ကျေးဇူးဆပ်ပါမည်

၂-၃-၂၀၀၇ရက် နံနက်၇နာရီ မိနစ်၂၀ အချိန်ခန့် သန်လျင်မှ ရန်ကုန်သို့သွားသော ဘီအမ်ကားပေါ်တွင် ခရီးသည်တစ်ဦးထံ၌ စာရွက်စာတမ်းများ ထည့်ထားသော အပြာရောင် ပလတ်စတစ်အိတ်တစ်လုံး အပ်နှံထားခဲ့ရာ အဆိုပါ ခရီးသည်ထံတွင် မေ့ကျန်ခဲ့ပါသည်။ ၎င်းကြော်ငြာကို တွေ့ရှိပါက အောက်ပါ ဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

ကိုလင်းလင်း
ဖုန်း-၅၅၃၁၈၈
လိုင်းခွဲ(၂၈၇)
ဖုန်း-၅၄၇၃၁၆။

စာအုပ်ဈေးပွဲတော် စုပေါင်းကျင်းပမည်

ရန်ကုန် မတ် ၃

စာအုပ်တိုက်များ၏ စုပေါင်းရောင်းပွဲကို တတိယအကြိမ်အဖြစ် ကျင်းပမည်ဖြစ်ရာ စာပေလောက၊ ကံ့ကော်ဝတ်ရည်၊ပုဂံ၊ပြုံး၊ဂုဏ်ထူး၊ ပန်းရွှေပြည်၊သီဟရတနာ၊ Quality၊ Unity၊ စိတ်ကူးချိုချို၊ စာအုပ်ဈေး၊ ပန်းမျိုးတစ်ရာ၊ မြနန္ဒာ၊ ဇောတိက၊ သဟဇာတ၊ ပါရမီစာပေတိုက်တို့က ပါဝင်ကြမည်ဖြစ်ပြီး မတ်၅ရက်မှ ၁၁ရက်အထိ ခုနစ်ရက်တိုင်တိုင် လောကနတ်ခန်းမ ပန်းဆိုးတန်းလမ်း၌ နံနက်၉နာရီမှ ညနေ၅နာရီအထိ ခင်းကျင်းပြသမည်ဟု သိရသည်။

(က-ပ)

မွေးနေ့မင်္ဂလာဆုတောင်း

ချစ်ဇနီး ဒေါ်တင်တင်မေ **"ကြည်သာ အာမခံ စိန်ရွှေရတနာဆိုင်"** သဃ်န်းကျွန်းဈေးကြီး **"ခေတ်သစ် အာမခံ စိန်ရွှေရတနာဆိုင်"**စံပြငမိုးရိပ်ဈေး သဃ်န်းကျွန်းမြို့နယ်၏ ၄-၃-၂၀၀၇ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ တိုင်အောင် ချစ်ခင်ပွန်း၊ ချစ်သား-သမီးများနှင့်အတူ ကျန်းမာပျော်ရွှင်ကြည်သာချမ်းမြေ့စွာဖြင့် ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလျက်-

ချစ်ခင်ပွန်း - သီဟသုဓမ္မဇာဗေဒတရေ ဦးကိုကိုလတ်
ချစ်သားကြီး - မောင်နေထက်မင်း [ဒုတိယနှစ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်]
ချစ်သားလတ် - မောင်နန်းထက်မင်း [ပထမနှစ်၊ ဆေးတက္ကသိုလ်(၂)ရန်ကုန်]
ချစ်သမီးထွေး - မဆုဇာသိမ့် [နဝမတန်း(က) အထက(၁)၊ သဃ်န်းကျွန်း]။

မိုးလေဝသအခြေအနေ

၄-၃-၂၀၀၇

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် အများအားဖြင့် သာယာမည်။





ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်

ကျွန်တော် ဦးဇော်ထွန်းအောင် ၁၄/မအပ(နိုင်)၀၀၁၁၈၈ ကိုင်ဆောင်သော ဘဏ်စာအုပ်နှင့် ဆန်းသစ်ဟိန်းကုမ္ပဏီပိုင် စာရွက်စာတမ်းများထည့်ထားသောအိတ်မှာ တောင်ဥက္ကလာပမြို့နယ် အနော်မာလမ်းတွင် ၁-၃-၂၀၀၇ရက်၌ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၅၇၀၆၈၁
၀၉-၅၁-၄၇၂၆၄။

မိုဘိုင်းလ်တယ်လီဖုန်းများအတွက် မြန်မာစာအလုပ်ရုံဆွေးနွေးပွဲကျင်းပ

ရန်ကုန် မတ် ၃

MySM Mobile application ကို ဒေသအလိုက် အရောင်းကိုယ်စားလှယ်များ ပေးအပ်ခြင်းနှင့် မိုဘိုင်းလ်ဆက်သွယ်ရေးဆိုင်ရာ စီးပွားရေးအခွင့်အလမ်းများ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ညနေ ၃နာရီက ရန်ကုန်မြို့ရှိ ကုန်သည်ကြီးများဟိုတယ်၌ကျင်းပရာ Mobilemate Telecommunications Co.,Ltd. မှ မန်နေဂျင်း ဒါရိုက်တာ ဒေါက်တာကျော်ထူးလင်း၊စီမံကိန်းမန်နေဂျာဒေါက်တာကျော်နန္ဒ၊မိုဘိုင်းလ်စီးပွားရေးလုပ်ငန်းရှင်များနှင့်စာနယ်ဇင်းများမှ ပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် Mobilemate Telecommunications Co.,Ltd.မှ ဈေးကွက်မန်နေဂျာ ဦးကျော်ဇေယျထွန်းက ဂျီအက်စ်အမ် တယ်လီဖုန်းများတွင် အသုံးပြုနိုင်သော MySM application အကြောင်းနှင့် မိုဘိုင်းလ် ဆက်သွယ်ရေးစနစ်တွင် မြန်မာစာကို အသုံးပြုပြီးလုပ်ကိုင်နိုင်သည့်စီးပွားရေးလုပ်ငန်းများနှင့်အခွင့်အလမ်းများ အကြောင်းကိုလည်းကောင်း **(ယာပုံ)**၊ Technomation Studios မှ Software Architect ဦးထူးမြင့်နောင်က MySM application တည်ဆောက်ထားပုံ၊ အသုံးပြုပုံနှင့် အခြားနည်းပညာဆိုင်ရာ အချက်အလက်များကို လည်းကောင်း၊ Mobilemate Telecommunications Co.,Ltd.မှ မန်နေဂျာ ဦးမင်းလှတာက MySM ကို မြန်မာနိုင်ငံတွင် တယ်လီဖုန်း သုံးစွဲသူများထံအရောက်ပေးပို့မည့် အစီအစဉ်များ၊ နိုင်ငံရပ်ခြားနေ မြန်မာလူမျိုးများ MySM ကို အင်တာနက်မှတစ်ဆင့် ရယူအသုံးပြုနိုင်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

မေးမြန်းဆွေးနွေး

ထို့နောက် တက်ရောက်လာကြသူများက MySM နှင့် ပတ်သက်၍ မရှင်းလင်းသည်များ၊ အခြားသိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကြသည်။

MySM သည် မိုဘိုင်းလ်ဆက်သွယ်ရေးစနစ်တွင် မြန်မာစာကို အသုံးပြုနိုင်စေရန် တီထွင်ထားသည့် ဆော့ဖ်ဝဲဖြစ်သည်။ ၎င်းကို ပြီးခဲ့သည့် ၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် အောင်မြင်စွာ တီထွင်နိုင်ခဲ့ပြီး မန္တလေးတိုင်းကွန်ပျူတာ လုပ်ငန်းရှင်အသင်းက ဦးစီးကျင်းပသည့် ပထမအကြိမ်ကွန်ပျူတာဆော့ဖ်ဝဲနည်းပညာပြပွဲ (မန္တလေး)တွင် ပါဝင်ပြသခဲ့သည်။ ယခုအလုပ်ရုံဆွေးနွေးပွဲတွင် MySMကို မြန်မာနိုင်ငံအတွင်း ဂျီအက်စ်အမ် မိုဘိုင်းလ်ဖုန်းအသုံးပြုရာဒေသတိုင်း၌ ဝယ်ယူအသုံးပြုနိုင်စေရန် ကိုယ်စားလှယ်များ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

MySMကို ဂျီအက်စ်အမ် တယ်လီဖုန်း သုံးစွဲသူတိုင်း ဝယ်ယူအသုံးပြုနိုင်ပြီဖြစ်ရာ MySM နှင့် ပတ်သက်၍ သိလိုသည်များကို www. mysm-online.com တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပြီး ဝယ်ယူလိုသူများနှင့် ကိုယ်စားလှယ်ရယူ ရောင်းချလိုသူများအနေဖြင့် Mobilemate Telecommunications Co.,Ltd.အမှတ် ၄၀၂ စီ၊ ဒဂုံစင်တာ မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ တယ်လီဖုန်းအမှတ်-၅၁၄၃၂၄၊ ၅၂၄၆၁၁၊ email: mobilemate@ myanmar.com.mmသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၄-၃-၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀ MRTV-4 အဖွင့် Logo
ယနေ့အစီအစဉ်
၇း၀၅ ယုံလိုက်စမ်းပါကလေးရယ် တရားတော်(အရှင်အာစာရလင်္ကာရဆရာတော်)
၈း၁၀ Sunday Talk [ကိုကို(စက်မှုတက္ကသိုလ်)၊ ဒေါက်တာဇော်သန်း]
၉း၀၀ တေးဂီတအစီအစဉ်
၉း၀၅ သံပြားပေါ်တွင်ဟင်းချက်ခြင်းနှင့် အချစ်ဇာတ်လမ်းတစ်ပုဒ်
၉း၂၅ တေးဂီတအစီအစဉ်
၉း၃၀ နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၀း၁၀ ဆန်းသစ်တီထွင်မှုနှင့် Myanmar Font
၁၀း၃၅ တေးဂီတအစီအစဉ်
၁၀း၄၀ မိသားစုတနင်္ဂနွေ (ရွှေတိဂုံစေတီတော်)
၁၁း၀၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၀၅ ပန်းချီထဲမှအလှတစ်ပါး ကျောက်စီပန်းချီကား
၁၁း၁၅ တေးဂီတအစီအစဉ်
၁၁း၂၀ သီးနှံစိုက်ပျိုးအထွက်တိုး "အရှိန်အဟုန်မြှင့်ရမည့် စက်မှုလယ်ယာကူးပြောင်းရေး"
၁၁း၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၁း၃၅ မိုးလေဝသခန့်မှန်းချက်
၁၁း၄၀ ခေတ်မီပျားမွေးမြူရေးလုပ်ငန်း (ပျားဘုရင်မမွေးမြူရေး)
၁၂း၀၀ တေးဂီတအစီအစဉ်
၁၂း၀၅ ရွှေတောင်စက်ရုံစွမ်းပကားစက်မှု(၁)ရဲ့အား
၁၂း၁၅ တေးဂီတအစီအစဉ်
၁၂း၂၀ နိုင်ငံတကာသတင်းအကျဉ်း
၁၂း၂၅ လူငယ်သိပ္ပံပြပွဲ
၁၂း၅၅ တေးဂီတအစီအစဉ်
၁း၀၀ MRTV-4 အပိတ်Logo

အထက်ပါ ခြောက်နာရီစာ အစီအစဉ်များကို နံနက်၇နာရီမှ မွန်းလွဲ၁နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ၁နာရီမှ ည၇နာရီအထိ တစ်ကြိမ်၊ ည၇နာရီမှ နံနက်၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက်၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက်၂၄နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်-၁	5-Sports
၇း၃၀	ပွဲကြိုသုံးသပ်ချက်-၂	5-Sports(Live)
၈း၁၀	Bolton-Blackburn	5-Sports(Live)
၁၀း၂၅	West Ham-Tottenham	5-Sports(Live)

Series-A ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Messina-Palermo	5-Series(Live)

ယင်းမာပင် အထက်တန်းကျောင်းအတွက် ဘင်ခရာပစ္စည်းများ ပေးအပ်လှူဒါန်း

ယင်းမာပင် ဖေဖော်ဝါရီ ၂၇

စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအတွက် ဘင်ခရာပစ္စည်းများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၃ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး သာယာအေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးလှိုင်နှင့် ဌာနဆိုင်ရာပုဂ္ဂိုလ်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ အလှူရှင်များနှင့် ဆရာ ဆရာမများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးစိုးလှိုင်က ဘင်ခရာပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြီး ခေတ္တကျောင်းအုပ်ဆရာကြီး ဦးဇော်ဝင်းထံ ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ အဆိုပါ အခြေခံပညာအထက်တန်းကျောင်း ၏ ဘင်ခရာပစ္စည်းများကို မြို့မိ၊ မြို့ဖများ၏ စုပေါင်းလှူဒါန်းငွေကျပ် လေးသိန်းငါးသောင်းဖြင့် ဝယ်ယူကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု စာအုပ်စာတမ်းများနှင့်အလှူငွေပေးအပ် အောင်ချက်မြင့်မားရေး ပညာပေးဟောပြော

မော်လမြိုင် မတ် ၃

မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏စီစဉ်မှုဖြင့် တက္ကသိုလ်ဝင်တန်း စာမေးပွဲအထောက်အကူပြု စာအုပ်စာတမ်းများလှူဒါန်းပွဲနှင့် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၂၇ရက် နံနက် ၈နာရီက မော်လမြိုင်မြို့ရှိ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံးခန်းမ၌ကျင်းပရာ မွန်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ပေးအပ်လှူဒါန်း

ယင်းနောက် တက္ကသိုလ်ဝင်တန်း စာမေးပွဲ အထောက်အကူပြု စာအုပ်စာတမ်းများ လှူဒါန်းပွဲနှင့် အလှူငွေ ပေးအပ်ပွဲတို့ကို ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းထံ အလှူရှင်များ ဖြစ်ကြသည့် ဂန္ဓာဦး ဆောက်လုပ်ရေး လုပ်ငန်းမှ မန်နေဂျင်းဒါရိုက်တာဦးအောင်ဝင်းနိုင်–ဒေါ်သီသီလွင် မိသားစုက ငွေကျပ်သိန်း ၃၀၊ မြို့နယ်မော်တော်ယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသန်းရှိန်က ငွေကျပ်သိန်း ၂၀၊ မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်နေ ရွှင်လန်း မွေ့ရာ ထုတ်လုပ်ရေးလုပ်ငန်းမှ ဦးကျော်စိုး–ဒေါ်ဌေးဌေးမိသားစုက ငွေကျပ် ၁၀သိန်း၊ ပညာရွှေစင် ပညာရေးဝန်ဆောင်မှုလုပ်ငန်းမှစီမံခန့်ခွဲမှုဒါရိုက်တာဦးအောင်ဝင်းနိုင်က ငွေကျပ်ငါးသိန်း စုစုပေါင်း ငွေကျပ် ၆၅သိန်းနှင့် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး၊ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဝင်းထံ ဆရာကြီး ဦးကံချွန် (ဘောဂဗေဒ) ရွှေကုံ့ကော်ပညာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ဦးညွှန့်ဦး–ဒေါ်ခင်ဝင်း(စန္ဒာညွှန့်စာပေတိုက်)နှင့် ခေတ်သစ်စာပေတိုက်တို့မှ ငွေကျပ်၂၅သိန်းတန်ဖိုးရှိ အထောက်အကူပြု စာအုပ်စာတမ်းများကို ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်းသည် အလှူရှင်များနှင့် တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ပညာပေးဟောပြော

၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်ချက်မြင့်မားရေး ပညာပေးဟောပြောပွဲများကိုပြည်နယ်အတွင်း မြို့နယ်များရှိ အခြေခံပညာ အထက်တန်းကျောင်းများ၌ ဖေဖော်ဝါရီ ၂၂ ရက်မှစတင်ကာ ဟောပြောခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေးဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့်အဖွဲ့ စလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်မည့် ဆင်ဖြူကျွန်း၊ မဟာဝိဇယလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အတွက် ကျောက်စုဆောင်းထားရှိမှုကိုဇန်နဝါရီ ၃ ရက်ကကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသန်းဦးက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြင်းခြံမြို့၌ လေးအိမ်တန်းကျေးလက် ကျောက်ချောလမ်းဖွင့်

မြင်းခြံ ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြင်းခြံမြို့နှင့် လေးအိမ်တန်းကျေးရွာ ဆက်သွယ်သည့် လေးအိမ်တန်းကျေးလက် ကျောက်ချောလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၀ရက် နံနက်၈နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းရွှေနှင့် မြို့နယ် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးလေးလွင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ကျောက်ချောလမ်းမှာ မြင်းခြံမြို့နှင့် လေးအိမ်တန်းကျေးရွာ ဆက်သွယ်သောလမ်းဖြစ်ပြီး အရှည်ပေ ၆၈၀၀၊ အကျယ် ၁၂ပေရှိပြီး မြင်းခြံမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၂၃၅၀၀၀၀၀ဖြင့် ဆောင်ရွက်ခဲ့သော ကျောက်ချောလမ်း ဖြစ်သည်။

(မြို့နယ်စည်ပင်)

တာလေမြို့၌ ပန်းအလှပင်များ ပျိုးထောင်

တာလေ ဖေဖော်ဝါရီ ၂

တာလေမြို့တွင်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ၏ကြီးကြပ်မှုဖြင့် ဆောင်ရွက်သော စည်ပင်သာယာရေးအဖွဲ့ပိုင် ပျိုးဥယျာဉ်တွင် ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်စိုက်ပျိုးမှုကို ဇန်နဝါရီ၁၀ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးလှမျိုး ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာရေးအဖွဲ့ အမှုဆောင်အရာရှိက လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင်နှင့်အဖွဲ့ ဇန်နဝါရီ ၂၅ ရက်က ဖြူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကညွှတ်ကွင်း–မိဿလင်လမ်း ပြင်ဆင်ပြီးစီးမှုကို ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးကျော်ခိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဒေါ်လေးသန့်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့နယ်ညောင်ကုန်းကျေးရွာနှင့် တဲကြီးကျေးရွာသို့ ဆက်သွယ်သော မအူပင်လမ်းပိုင်း ကျေးလက်မြေသားလမ်း ဖွင့်ပွဲကို ဖေဖော်ဝါရီ ၉ ရက်က ကျင်းပရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းဆွေနှင့် ခရိုင်ရဲတပ်ဖွဲ့မှူး ဦးစိုးမြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် စည်ပင်)

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ်
တပေါင်းလပြည့်ကျော် ၃ ရက်
၅–၃–၂၀၀၇ (တနင်္လာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (လှိုင်သာယာစက်မှုဇုန်မှ ဂျယ်လီနှင့် သကြားလုံးမျိုးစုံစက်ရုံအကြောင်း)
၁၁:၄၀ သုတစုံစွာ သိမှတ်စရာ (အထွေထွေသိကောင်းစရာတချို့–သိပ္ပံမှူးတင်)
၁၂:၀၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၂:၂၅ အားကစားသတင်းပဒေသာ
၁၂:၃၅ သီချင်းကြီးပဒေသာ
(၁) ခွဲခွဲခြားခြား ကြိုး (မင်းမင်းစမ်း)
(၂) သင်းသင်းကြိုင်ကြိုင် သီချင်းခန့် (ဦးထွန်းရှိန်)
၁၃:၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ဘီအီးဒီရုပဗေဒသင်ပြနည်း) (သင်ကြားပြသမှု ကောင်းမွန်သော ဆရာတစ်ဦးအတွက် လိုအပ်သည့် အရည်အသွေးများ)

ညနေပိုင်း

၁၆:၀၀ ၂၀၀၇ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲ အထောက်အကူပြု သင်ခန်းစာ (ဇီဝဗေဒ၊ သမိုင်း)
၁၆:၁၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ရွာအလှူပွဲ (ရွှေယမင်းဦး)
(၂) ဒီရွာသူနဲ့ ဒီရွာသား (တွံတေးသိန်းတန်)
(၃) တောသူလုပ်ငန်း (သန်းသန်းမေ)
၁၇:၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇:၄၀ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ခါနွေဆန်းစတပေါင်းလ–သာရဝေါ်စိုးကြည်)
၁၈:၂၅ (၁၀)ကြိမ်မြောက် အမျိုးသားပတ်ဝန်းကျင် သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှုအထိမ်းအမှတ် ဆွေးနွေးခန်း
၁၈:၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉:၁၅ ဆိုင်းအဖွဲ့(မဟာရန်ကုန် ရွှာစားကြီး စိန်ဗိုလ်တင့်ဆိုင်းအဖွဲ့)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) ထမင်းဆီဆမ်း ရွှေလင်ပန်း (ပန်းချီလေးဝင်း)
(၂) သူမြတ်နိုးရင်ကွယ် (ချစ်စပယ်)
(၃) ချစ်ပြုံးနှင်းဆီ (ရေနံ့သာစိုးလှိုင်)

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) အနောက်ဘက် တိုးချဲ့မြေနှစ်ဧက ဝယ်ယူရန်နှင့် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် အောင်သိဒ္ဓိကျောင်းလမ်း အမှတ်(၄၂–အေ)နေ ဗိုလ်မှူးကြီးညိုသိန်း–ဒေါ်စိန်ရင် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် (ဂမုန်းပွင့် ဘေးလမ်း) အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံဗုဒ္ဓဂယာကျောင်း အမှုဆောင် ဆရာတော် ဒေါက်တာအရှင်ဝိစိတ္တထံ ဆက်ကပ်လှူဒါန်းစဉ်။ (က–ပ)

ဥဏ္ဏာလုံမွေးရှင်တော် ရွှေသက်နန်းကပ်ရန်ပင့်ဆောင်

ပြည် ဖေဖော်ဝါရီ ၂

ပြည်မြို့ ဆံတော်ရပ်ကွက် ရွှေဆံတော် စေတီတော်မြတ်ကြီး၏ အရှေ့ဘက် ဇေယျာပထဝီ ကုန်းတော်တွင် ဘုန်းတော်ကြီး ဦးတေဇဝန္တ ဦးဆောင်၍ ၁၂၈၁ ခုနှစ်က တည်ထားကိုးကွယ်တော်မူသော တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ဘုရားကြီး၏ ဥဏ္ဏာလုံမွေးရှင်တော်၊ နဖူးသင်းကျစ်တော်၊ ရွှေသက်နန်းတော်၊ မျက်လုံးတော်အသစ် လဲလှယ်ပူဇော်ရန်နှင့် ယိုယွင်းဟောင်းနွမ်းနေသော ကိုယ်လုံးတော်နှင့် ရွှေသက်နန်းတော်များအား ရောင်တော်ဖွင့် ပူဇော်ရန်အတွက် ဇန်နဝါရီ ၂၆ ရက် နံနက် ၉ နာရီက တိုင်းပြည်လုံးချမ်းသာ ဆယ်ထပ်ဘုရားကြီး နဖူးတော်မှ ရင်ပြင်တော်ရှိ ဂန္ဓကုဋိတိုက်အတွင်းသို့ ပင့်ဆောင်ကြသည်။ (၁၉၉)

ဒေါ်သန်းရှိန် (ခ)ဒေါ်ရှိန်(မဟာစည်ယောဂီ)အား ရည်စူး၍ ရန်ကုန်တိုင်း တာမွေမြို့နယ်၁၃၇လမ်း အမှတ် ၂၄/၂၆ နေ ဦးဟန်ညွန့်၊ သားဇော်လင်းဟန် မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်း ဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဖန်းမော်မြို့ ကုန်းမဟတ်ကျေးရွာ ကျောက်ချောလမ်းသစ်ဖွင့်

ဖန်းမော် ဖေဖော်ဝါရီ ၂၀

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဖန်းမော်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော ကုန်းမဟတ်ကျေးရွာ ကျေးလက်ကျောက်ချော လမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၄ ရက် နံနက် ၉ နာရီက အဆိုပါလမ်းထိပ်မုခ်ဦး၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်က ကုန်းမဟတ် ကျေးရွာ ကျောက်ချောလမ်း ဖောက်လုပ်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောက်ချောလမ်းသစ်ဖွင့်ပွဲ အထိမ်းအမှတ် အလံများကို သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ပေးအပ်သည်။

ကျောက်ချောလမ်းသစ်ဖွင့်ပွဲသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီး စိန်ဝင်း၊ ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးတင်ချို၊ ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းတို့ တက်ရောက်ခဲ့ကြပြီး ကျောက်ချောလမ်းသစ်ကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကိုလတ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး **(အောက်ပုံ)** ကျောက်ချောလမ်းသစ်ကို စစ်ဆေးကြသည်။

အဆိုပါ ကျောက်ချောလမ်းမှာ အရှည်ပေ ၄၅၀၊ အကျယ် ၁၂ ပေရှိပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေကျပ် ၁၂၃၀၀၀၀ဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော ကျေးလက်လမ်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

အထက်မင်းလှမြို့ စုပေါင်းသန့်ရှင်း

အထက်မင်းလှ ဖေဖော်ဝါရီ ၅

မကွေးတိုင်း သရက်ခရိုင် အထက်မင်းလှမြို့နယ် စည်ပင်သာယာရေး အဖွဲ့အမှုဆောင်အရာရှိ ဦးကျော်သူ၊ တာဝန်ခံအင်ဂျင်နီယာ ဦးနေမျိုးတိုးနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများသည် ဇန်နဝါရီ ၂၀ရက် နံနက် ၈ နာရီက အထက်မင်းလှမြို့ ပြည်တော်သာလမ်း ရေနံ့မဘုန်းတော်ကြီးကျောင်း ရှေ့ လမ်းဘေးဝဲယာတစ်လျှောက်ရှိ အမှိုက်များကို အထူးသန့်ရှင်းရေး တစ်ရပ်ဆင်နွှဲ၍ မြို့သန့်ရှင်းလှပရေးအတွက် စုပေါင်း ဆောင်ရွက်ကြကြောင်း သိရသည်။ **(၀၇၆)**

ရန်ကုန်မြောက်ပိုင်းခရိုင် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ရှေးဟောင်း ဆုတောင်းပြည့် ဇမ္ဗူအေး ဆယ့်တစ်မီးငြိမ်း စေတီတော်ရင်ပြင်တော်တွင် ပန်းတစ်ပွင့်တောင်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ် ကြီးမှူး၍ တည်ထားလျက်ရှိသည့် ကိုးတောင်ပြည့် အရံစေတီ ၂၇ဆူနှင့် နဂါးရုံစေတီကိုးဆူမှ တစ်ဆူအတွက် သဃ်န်းကျွန်းမြို့နယ် လေးထောင့်ကန်ရပ်ကွက် ၁၀၂ရိပ်သာနေ ဦးအောင်ဇေယျ(ရွှေနေချုပ်ရုံး၊ ငြိမ်း)–ဒေါ်အေးအေးသွယ်မိသားစုက အလှူငွေကျပ် ကိုးသိန်းကို ပန်းတစ်ပွင့်တောင် ဆရာတော်ထံ ဆက်ကပ်လှူဒါန်းစဉ်။ (၀၄၆)

မြို့နယ်သတင်းများ

ဟိုပင်မြို့ မြသီတာရပ်ကွက်အတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရန် အတွက် ရေဂါလန် ၉၀၀၀ဆံ့ ရေစက်ရုံ တည်ဆောက်နေမှုကို ဖေဖော်ဝါရီ ၂ရက်က မိုးညှင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုးညွန့် ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းတာဝန်ခံ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအင်န်ခွန်အောင်နှင့် မြို့တာဝန်ခံ ဦးသိန်းထူးတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် မူကြိုရင်သွေးငယ်များ ပဒေသာကပွဲကို ဖေဖော်ဝါရီ ၂၆ ရက်က ညောင်လေးပင်မြို့ ဝိုင်အမ်ဘီအေ ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်း လူမှုဝန်ထမ်း ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလင်းထွဋ်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးခင်ဝင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၃၄)

လပွတ္တာမြို့၌ အကြိုအခြေခံ အရန်မီးသတ်သင်တန်းဆင်း

လပွတ္တာ ဖေဖော်ဝါရီ ၁၀

အကြိုအခြေခံအရန်မီးသတ်သင်တန်း ရပ်ကွက်၊ ကျေးရွာ အရာရှိ စီမံခန့်ခွဲမှု (၁/၂၀၀၇)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၄ရက် နံနက် ၁၀ နာရီက လပွတ္တာမြို့ ရွှေနဒီခန်းမ၌ကျင်းပရာ ဧရာဝတီတိုင်း မီးသတ်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကြည်ဝင်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်ဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး တပ်စုအလိုက် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး သင်တန်းဆင်းလက်မှတ်များကို ခရိုင်မီးသတ်တပ်ဖွဲ့မှူး ဦးမူသွင်ကပေးအပ်ပြီး သင်တန်းသားများကိုယ်စား ကျောင်းသားအမှတ်(၆၄)က လက်ခံရယူသည်။ **(မြို့နယ် ပြန်/ဆက်)**



သာသနာ့ပါလ နေ့စဉ်ဆွမ်းလောင်းအသင်းကြီးသို့ ငွေပင်ငွေရင်း စိုက်ထူလှူဒါန်းပွဲ ကျင်းပ

ကျောက်ပန်းတောင်း ဖေဖော်ဝါရီ ၁၅

မန္တလေးတိုင်း ကျောက်ပန်းတောင်းမြို့၏ သာသနာ့ပါလ နေ့စဉ်ဆွမ်းလောင်းအသင်းကြီး၏ ဒုတိယအကြိမ် ငွေပင်ငွေရင်းစိုက်ထူ လှူဒါန်းပွဲ အခမ်းအနားကို ဖေဖော်ဝါရီ၁၃ ရက် ည ၇ နာရီက သာသနာ့ပါလ အရဏ်ဆွမ်းလောင်းအသင်း ဓမ္မဗိမာန်တော်ကြီးတွင် ကျင်းပသည်။

မြို့ကျက်သရေဆောင် နေ့စဉ်အရဏ်ဆွမ်းလောင်းသာသနာ့ပါလအသင်းကြီးသို့ ငွေပင်ငွေရင်းလှူဒါန်းကြသော ဘုန်းတော်ကြီးကျောင်းတိုက် လေးတိုက်၊ ဆရာတော်များနှင့် အလှူဒါယကာ၊ ဒါယိကာမမိသားစု ခြောက်ဦးတို့က ငွေကျပ် ၁၀သိန်းစီကိုလည်းကောင်း၊ ငွေကျပ် ရှစ်သိန်းစီလှူဒါန်းကြသော အလှူရှင် ၁၇ဦးတို့နှင့် ငွေကျပ် ၁၀၀၀၀မှ အထက်လှူဒါန်းကြသော အလှူရှင်ပေါင်း ၃၀၀ကျော်တို့က လှူဒါန်းသောငွေကျပ်သိန်း ၃၅၀လှူဒါန်းမှုအတွက် ရေနံချောင်းမြို့ ရွှေတောင်ပါဠိ တက္ကသိုလ် ပဓာနနာယကဆရာတော်ကြီးက အနုမောဒနာ ဒေသနာတော်တရားများ ဟောကြားချီးမြှင့်တော်မူပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။ **(၀၆၁)**

ကာမိုင်းမြို့ ကောင်ရာလမ်း ကတ္တရာခင်း

ကာမိုင်း ဖေဖော်ဝါရီ ၁

ကချင်ပြည်နယ် ကာမိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၃၃ ဒသမ ၂သိန်းဖြင့် ဆောင်ရွက်လျက်ရှိသော အရှည် ၁၀၀၂ပေ၊ အကျယ် ၁၂ပေရှိ ကောင်ရာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၁၉ရက်က ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်အောင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်တာဝန်ခံ ဦးဆန်းအောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအေးဇော်မြင့်တို့က လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံရှင်းလင်းတင်ပြသည်။ **(၄၁၆)**

(ဦးဆိတ်ညွန့်)-ဒေါ်မြရွှေတို့၏သား
မောင်လှမျိုးအောင် [မောင်လှမျိုး (ချင်းချောင်းခြံ)]
နှင့်
ဦးထွန်းဝေ-ဒေါ်စန္ဒာလင်းတို့၏သမီး
မသက်ထားအိ (Graphic Designer)
တို့သည် ၂၇-၂-၂၀၀၇ရက်တွင် နှစ်ဖက်သော မိဘများ ရှေ့မှောက်၌
လက်မှတ်ရေးထိုး ထိမ်းမြားပြီးပါကြောင်း။
လှမျိုးအောင်[မောင်လှမျိုး(ချင်းချောင်းခြံ)]-
မသက်ထားအိ။

— — — — —

မောင်လှမျိုး(ချင်းချောင်းခြံ) နှင့် **မသက်ထားအိ** တို့၏ မင်္ဂလာဦးမှသည် ဘဝသက်ဆုံးတိုင် သစ္စာတရားကို ကိုယ်စားပြုသော ဇနီးမောင်နှံအဖြစ် ချစ်ခင်ပေါင်းသင်းနိုင်ကြပါစေ။

ဒေါ်တင်တင်အုန်း (စိန်သရဖူစာပေ)
ဦးဇော်မိုးငြိမ်း (စမ်းရေပြာစာပေ)
ဦးနိုင်မျိုးထွန်း (အင်ပါယာစာပေ)။

ရောင်း/ဝယ်/ငှား

မြေ/တိုက်/ရုံးသုံးပစ္စည်းများ
အိမ်ပရိဘောဂများ၊ Air -Con များ ရောင်းရန်ရှိသည်။
(တက္ကစီကားငှားလိုသည်။) **ဖုန်း- ၀၉-၅၁-၄၁၅၁၁။**

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့ မြေတိုင်းရပ်ကွက်အမှတ်(၁၀) တောင်ပိုင်း ဦးပိုင်အမှတ် (၅၈/၁၈၆) ဧရိယာ ၀ဒသမ၀၂၃ ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ မော်လမြိုင်ကျွန်းမြို့ မြို့မ(၇)ရပ်ကွက် ၁၃ လမ်း၊ အမှတ် ၄၅ ဟုခေါ်တွင်သော နေအိမ်တို့ကို ဦးသာဝမ်း ၁၄/မမက(နိုင်)၁၆၆၁၀၀ က မော်လမြိုင်ကျွန်းမြို့ စာချုပ်စာတမ်းများ မှတ်ပုံတင်ရုံး၌ အရောင်းအဝယ် စာချုပ်အမှတ် ၂/၂၀၀၅ ဖြင့် အပြီးအပိုင်ဝယ်ယူ၍ တရားဝင်ပိုင်ရှင်အဖြစ် လက်ရောက်ရရှိ နေထိုင်လျက်ရှိပါသည်။

အထက်ဖော်ပြပါ မြေကွက်အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အမှုတွဲအမှတ် ၁၉၃/၁၉၉၇/၉၈ အရ ၆-၁-၁၉၉၈ရက်တွင် ဦးမြသိန်း အမည်ဖြင့် နှစ်၃၀မြေငှားဂရန်ကို ထုတ်ပေးခဲ့ပါသည်။ အထက်ဖော်ပြပါဂရန်မှာ ပျောက်ဆုံး နေပါသဖြင့် ယခုတရားဝင် ပိုင်ရှင်ဖြစ်သူ ဦးသာဝမ်းက ၎င်း၏အမည်ဖြင့် ဂရန်သစ် ပြန်လည်လျှောက်ထားမည်ဖြစ်၍ ယင်းမြေအိမ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာအပ်ပါသည်။

ဦးသာဝမ်း၏လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မေမျိုးခိုင်(ကျောက်ဖြူ)
အထက်တန်းရှေ့နေ
၁၉/၄၃၊ ဗိုလ်ဆွန်ပက်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၅၁-၆၉၆၂၅။

အများသိသာရန် ကြေညာချက်

ဒေါ်ရီရီဝင်း ၁၄/မအပ(နိုင်)၀၀၀၀၈၂ ကိုင်ဆောင်သူ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် မြိုင်ဟေဝန်အိမ်ရာ တိုက်အမှတ် (၄) အခန်းအမှတ် (၁၁)၊ အခန်းကို ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ရီရီဝင်းမှ ၂၁-၆-၁၉၉၁ ရက်တွင် ရောင်းချသူ ဦးသန်းမြင့် CB-၀၅၀၅၆၁ထံမှ စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းစာချုပ်တွင် အသိသက်သေများအဖြစ် ဦးအောင်ကျော်သိန်း MMO-၂၈၀၂၁၆ နှင့် ဦးဝင်းမော် MMO-၂၆၅၈၅၈ တို့မှ ပါဝင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။ အထက်ပါအတိုင်း ဒေါ်ရီရီဝင်း တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်နေသော ဖော်ပြပါတိုက်ခန်းကို ဒေါ်ရီရီဝင်း မသိရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း စသည်ဖြင့် အခြားနည်းလွှဲပြောင်းခြင်း၊ တစ်မျိုးမျိုးမပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ တားမြစ်ချက်ကို လိုက်နာခြင်းမရှိခဲ့ပါက ဥပဒေအရ ထိရောက်ပြတ်သားစွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိသာရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးသိန်းညွှန့်
B.A,H.G.P,R.L,D.B.L,D.M.L,D.I.L
တရားရုံးချုပ်ရှေ့နေ
အမှတ် ၅၆၇၊ကုန်သည်လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၅၀-၀၁၈၃၇၊ ၆၄၁၃၄၇။

ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်အကြောင်း အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၄ ခုနှစ် ဇာရီမှုအမှတ်-၉၀ (အမ်)
၂၀၀၁ ခုနှစ် တရားမကြီးမှုအမှတ်-၉၀

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးမောင်မောင် ၂။ ဒေါ်ကြည်ကြည်ဆွေ
ဒီကရီရသူ **တရားရှုံး**

ဦးမောင်မောင်၊ ဒေါ်ကြည်ကြည်ဆွေ၊ ဝန်ဇင်းရပ်ကွက် မိတ္ထီလာမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

အထက်အမည်ပါအမှုတွင် တရားရှုံးများမှ အပေါင်ထားရှိသော မိတ္ထီလာမြို့ ဝန်ဇင်းရပ်ကွက်ရှိ မြေနှင့်အိမ်ကို လေလံကြမ်းခင်းဈေး ကျပ်သိန်း ၇၀ ဖြင့် ရောင်းချပါမည့်အကြောင်း ဒီကရီရသူ မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့က လျှောက်ထားသောကြောင့် သင်သိစေရန် အကြောင်းကြားလိုက်သည်မှာ ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင် ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၀၇ခုနှစ် မတ် ၂၀ရက် မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ချိန်းဆိုပြီး ဖြစ်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီလ ၁၄ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)။

ကန့်ကွက်နိုင်ပါသည် ယာဉ်အမှတ် ကတ/၁၀၆၃၅ (Benyi 110)၏ ပိုင်ရှင် ဒေါ်အီအွေ့ ၁၃/မခန(နိုင်)၀၀၄၈၅၄က (ကမ-၃) မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (တာချီလိတ်)။**

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်-၄၀၃ (အမ်)

ခရိုင်မန်နေဂျာ၊ မြန်မာ့စီးပွားရေးဘဏ်၊ မိတ္ထီလာမြို့။ **နှင့်** ၁။ ဦးတင်ညွန့် ၂။ ဒေါ်ခင်သန်း ၃။ ဒေါ်ဝိုင်းသာ
တရားနိုင် **တရားရှုံး**

၂၀၀၄ ခုနှစ် တရားမကြီးမှုအမှတ် ၂၇၀တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၇ ခုနှစ် ဧပြီလ ၆ရက် (မြန်မာသက္ကရာဇ် ၁၃၆၉ ခုနှစ် တန်ခူးလပြည့်ကျော် ၅ရက်) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ မိတ္ထီလာမြို့ သီရိမင်္ဂလာရပ်ကွက်ရှိ အကွက်အမှတ်(၁၀/က-ဒဟတ္တန်း)ဦးပိုင်အမှတ် (၁၀၅/ခ)၊မြေကွက်အမှတ်(၁၄၅/၂၇၂) မြေချိန်ဧရိယာ ၀ဒသမ ၀၂၇ဧကရှိမြေ။

၂။ မိတ္ထီလာမြို့ အောင်ဇေယျာရပ်ကွက်ရှိ အကွက်အမှတ်(က/အောင်ဇေယျာ) မြေကွက်အမှတ်(၂၆) မြေချိန်ဧရိယာ ၀ ဒသမ ၀၄၉ဧကရှိမြေ။

- အမှတ်(၁)မြေပေါ်ရှိ (၃၀x၂၂)ပေရှိ လူနေ နှစ်ထပ်တိုက်တွဲလျက် (၂၀x၂၂)ပေရှိ တစ်ထပ်တိုက်။
- အမှတ်(၂)မြေပေါ်ရှိ (၂၀x၂၀)ပေရှိ လူနေ နှစ်ထပ်တိုက်တွဲလျက် (၂၀x၁၆)ပေရှိ တစ်ထပ်တိုက်။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၄၅၀။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များ အရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက် စုံစမ်းနိုင်သည်။

၂၀၀၇ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

သက်စိုးအောင်
တွဲဖက်တိုင်းတရားသူကြီး(၇)
မန္တလေးတိုင်းတရားရုံး။

ကျေးဇူးဆပ်ပါမည် လောင်ဗျစ်ကျောက်မျက်ကုမ္ပဏီ၏ မှတ်ပုံတင် လက်မှတ် ၁၄-၁၁-၁၉၉၅ ရက်စွဲပါအမှတ် ၃၅၈/၉၅-၉၆ ပျောက်ဆုံးသွားပါသည်။ တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။ **ဖုန်း-၂၅၄၇၇၅။**

(၃)လပြည့် လွမ်းဆွတ်သတိရခြင်း

ဦးအောင်ကြည် B.A(Law), LL.B
တရားရုံးချုပ်ရှေ့နေ(၄-၁၂-၂၀၀၆)

အစ်ကို-

ညီမလေးတို့မိသားစုကို ခွဲခွာခဲ့တာ (၃)လပြည့်ပြီး နေ့စဉ်သတိရ တမ်းတပြီး ရည်စူးပြုလုပ်တဲ့ ကုသိုလ်၊ ဇီဝိတဒါန သံဃာ့ဆေးရုံ၊ နှင်းဆီကုန်းဘိုးဘွားရိပ်သာတွင် ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင် စိုက်ထူခြင်း၊ ဓမ္မပါလကုန်းမြေ ဥမင်ကွဲ၊ သိုက်မပျက် ဘုရားနှင့် အစ်ကိုဖူးချင်သော ရွှေဘုံသာမုနိဘုရားတို့တွင် လှူဒါန်းသော ရည်စူးဒါန ကုသိုလ်များကို အစ်ကိုနှင့် သမီးလေး ဇင်မာအောင်ကြည်(ခ)မစိန်ပုံတို့ကို အမျှပေးဝေ ပါတယ်။ မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပြီး မိသားစုဘဝလေးပြန်လည် ဆုံတွေ့နိုင်ပါစေလို့ ဆုတောင်းလျက်-

ချစ်ဇနီး- **ညီမလေး ဒေါ်ခင်သန်းအေး**
မြို့နယ်ဥပဒေအရာရှိ၊ မင်္ဂလာဒုံ။
ချစ်သား- **ကိုဖြိုး**
ဗိုလ်ကြီးဖြိုးအောင်ကြည်
(B.C.Sc, D.S.A)ရန်ကုန်။

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်သိမ်းမင်းစံ ၈/ပခက(နိုင်)၁၅၀၄၂၁ သည် မိဘ၊ မောင်နှမ၊ ဆွေမျိုးများ ခွင့်မလွှတ်နိုင်သော ကိစ္စများကို အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့် ပတ်သက်သောကိစ္စ အဝဝကို လုံးဝ(လုံးဝ) တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစံထွေး ၈/ပခက(နိုင်)၀၇၉၀၇၇ (ဝါခီး)။

တစ်ဦးတည်းဖြစ်ပါကြောင်း

ဟော်ကုန်းရပ်ကွက်နေ ဦးလှမြင့်၏ သား နိုင်ငံသားမှတ်ပုံတင်အမှတ်၁၃/ဟပန(နိုင်) ၀၄၀၃၁၉ ကိုင်ဆောင်သူ ခွန်မျိုးမြင့်ဦး(ခ) ခွန်နေမျိုးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ခွန်မျိုးမြင့်ဦး(ခ)ခွန်နေမျိုး။

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတု စိန်တိုးကျောင်းဆောင်တော်ကြီးအတွက် ဦးအေးမောင်(၂)နှစ်ပြည့်အား ရည်စူး၍ ကျန်ရစ်သူဇနီး ဒေါ်ခင်အေးကြည်၊ သားကြီး ကိုမောင်မောင်၊ သမီး မမြသီတာအေးမိသားစုတို့က အလှူငွေကျပ်သုံးသိန်းကို ကျောင်းဆောင် ဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သင်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

သစ်သီးဖျော်ရည်နှင့် ယိုစုံသင်တန်းဖွင့်

မန္တလေး ဖေဖော်ဝါရီ ၁၅

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(အထက်မြန်မာပြည်၊ မန္တလေးရုံးခွဲ)က ကြီးမှူး၍သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုစုံ သင်တန်းအမှတ်စဉ်(၁၀)ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂ရက် နံနက် ၉နာရီက ၈၂လမ်းနှင့် ၂၅လမ်းထောင့်ရှိ အဆိုပါရုံးခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ လက်ထောက်ညွှန်ကြားရေးမှူး ဦးဆွေတင့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးမြင့်သိန်းတို့က အမှာစကားပြောကြားကြပြီး သင်တန်းမှူး ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်အေးက သင်တန်းစည်းကမ်းချက်များကို ရှင်းလင်းတင်ပြသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ၊ သင်တန်းသား ၂၅ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တတစ်ပတ်ကြာမြင့်ပြီး သင်တန်းမှ စံချိန်၊စံညွှန်းမီ သစ်သီးယိုနှင့်သစ်သီးဖျော်ရည်လုပ်ငန်းများကို မိသားစုများ စီးပွားဖြစ်ဝင်ငွေ ရရှိနိုင်သည်အထိ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၂)**

ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် ကျိုက်တော်ရပ်ကွက် လိပ်ကန်လမ်း အမှတ် ၆၈နေ ဦးစောလွင်-ဒေါ်ပြုံးတို့အား ရည်စူး၍ မောင်ဖြစ်သူ ဦးလှရွှေ-[ဒေါ်လှလှဝင်း(ခ)ဒေါ်အမာ]မိသားစုတို့က ဧရာဝတီတိုင်း မြန်အောင်မြို့ ပရဟိတ မြို့ရွှေကျောင်းတိုက် မြန်အောင်သမ္ဗုဒ္ဓေစေတီရံ တစ်ဆူအတွက် ငွေကျပ်တစ်သိန်း လှူဒါန်းသဖြင့် သာသနာပြုဆရာတော်က ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကတ္တရာလမ်းခင်း

သန်လျင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ဖောက်လုပ်လျက်ရှိသော ကျောင်းကုန်း-ဆိပ်ကြီးလမ်း ကတ္တရာ ခင်းခြင်းလုပ်ငန်းကို ဇန်နဝါရီ ၂၀ရက် က ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့် ကွင်းဆင်း စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျိုင်းတုံမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်ပြည်သူများ ပူးပေါင်းဆောင်ရွက်သော ခွာညို လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၁ ရက်က ကျင်းပစဉ်။
(မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး စစ်ကြောင်းကြီးများ စစ်ရေးပြလေ့ကျင့်မှုနှင့် တည်းခိုဆောင်၊ စားရိပ်သာများ ကြည့်ရှုစစ်ဆေး

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃

၂၀၀၇ခုနှစ် (၆၂)နှစ်မြောက် တပ်မတော်နေ့ ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် ယနေ့နံနက် ၁၀နာရီခွဲတွင် ရွာတော်ရှိ စစ်ကြောင်းကြီးများ တည်းခိုရေးစခန်းသို့ ရောက်ရှိလာပြီး ဒုတိယတပ်မတော်လေ့ကျင့်ရေး အရာရှိချုပ် ဗိုလ်မှူးချုပ်ဇော်ဝင်း၊ စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ်မြင့်နောင်နှင့် စစ်ကြောင်းမှူးကြီးများ လိုက်ပါလျက် (၆၂)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ လေ့ကျင့်မှုများကိုလည်းကောင်း၊ စစ်ကြောင်းတပ်ခွဲများ၏ တည်းခိုဆောင်များ၊ စားရိပ်သာ၊ မီးဖိုဆောင်များနှင့် ဆက်ဆံရေးစခန်းမှ ပြကွက်နှင့် စာဖတ်ခန်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် အဖွဲ့ဝင်များသည် စစ်ကြောင်းမှူးကြီး ဗိုလ်မှူးကြီးအောင်ကြီး ဦးဆောင်သည့် အနော်ရထာ စစ်ကြောင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးသည် စစ်ကြောင်းကြီးများကို ဆက်လက်ကြည့်ရှုစစ်ဆေးပြီး စားရိပ်သာ၊ အိပ်ဆောင်များနှင့် မီးဖိုဆောင်များကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ဆက်ဆံရေးစခန်းက ခင်းကျင်းပြသထားသည့် နိုင်ငံတော်ဦးတည်ချက်(၁၂)ရပ်နှင့်အညီ ရေးဆွဲထားသော ပန်းချီကားများ၊ ဖွံ့ဖြိုးဝေစည် မြန်မာပြည်၊ မြဝတီရဲ့ အလှပန်းချီ၊ တိုးတက်ခေတ်မီ မြန်ပြည်သစ်ဆီသို့၊ သက်စွန့်ဆောင်ရွက်ပြည်သူ့အတွက် စသည့် ပန်းချီပြကွက်၊ ဆောင်ပုဒ်များ၊ ဓာတ်ပုံမှတ်တမ်းများ၊ ကဗျာများ စသည်တို့၏ ပြခန်းများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအားမှာကြားကာ မွန်းလွဲပိုင်းတွင် ပြန်လည်ထွက်ခွာသွားသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ မုတ္တမကမ်းလွန်ဒေသရှိ တွင်းအမှတ် ကာကောဏ္ဏ (၁) တူးဖော်စမ်းသပ်မှုကြည့်ရှု

ရန်ကုန် မတ် ၃

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ထိုင်းနိုင်ငံ PTTEP ကုမ္ပဏီမှ President Mr. Marrot Mrigadat PTT ကုမ္ပဏီမှ Executive Vice President, Dr. Chitrapongse နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဖေဖော်ဝါရီ ၂၈ရက်က မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေးတွင်းအမှတ် ကာကောဏ္ဏ(၁)၏ တွင်းတူးဖော် စမ်းသပ်မှုအခြေအနေကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ညှိနှိုင်းဆောင်ရွက်

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မုတ္တမကမ်းလွန်ဒေသရှိ ရေနံတွင်းတူးစက် Doo Sung ပေါ်သို့ ရောက်ရှိရာ PTTEP ကုမ္ပဏီမှ Operation Manager Mr. Pasook က *စာမျက်နှာ ၆ ကော်လံ ၅* ❐

တွင်းအမှတ် ကာကောဏ္ဏ(၁)

မုတ္တမကမ်းလွန်ဒေသ လုပ်ကွက်အမှတ် M-9 ရှိ ရှာဖွေရေး တွင်းအမှတ် ကာကောဏ္ဏ(၁)ကို တွေ့ရစဉ်။ (စွမ်းအင်)

ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ဆောင်လိုသည့်ဆန္ဒမရှိ၍ မိုင်းဖြတ်နှင့် လယ်ဝေးမြို့နယ်တို့မှ NLDပါတီဝင်နှစ်ဦး နုတ်ထွက်

ရန်ကုန် မတ် ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် နမ့်လောက်ကျေးရွာမှ ဦးစိုင်ဟုန်နှင့် မန္တလေးတိုင်း လယ်ဝေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တွဲဖက်အတွင်းရေးမှူး ဦးကျော်မောင်မောင်လေးတို့သည် ဇန်နဝါရီ ၃၁ ရက်တွင် မိမိတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင် အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများ ပေးပို့နုတ်ထွက်ခဲ့ကြသည်။

နုတ်ထွက်

မိုင်းဖြတ်မြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲနှင့် လယ်ဝေးမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲတို့သို့ ပေးပို့သော နုတ်ထွက်လွှာများတွင် NLDပါတီ၏ လုပ်ရပ်များအပေါ် စိတ်ပါဝင်စားမှုမရှိတော့သဖြင့်လည်းကောင်း၊ ပါတီနိုင်ငံရေးကို ဆက်လက်လုပ်ဆောင်လိုသည့် ဆန္ဒမရှိတော့သဖြင့် လည်းကောင်း၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့်လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး